# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့။ Monday, 19 September 2022 ၁၀၈၆၃


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၆၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**
စာမျက်နှာ » ၂

**ပန်းကိုလို၍ အပင်ပျိုးခဲ့သည်**
ဆောင်းပါး စာမျက်နှာ » ၆၊ ၇

**ကာကွယ်ခြင်းသည်သာ အခရာ ဆေးထိုးနှံကြပါ**
ဆောင်းပါး စာမျက်နှာ » ၁၁

**ပြည့်စပါးအိုး အထွက်တိုးဖို့ ရေငန်ဝင်ရောက်မှုကို သတိပြုကြစို့**
ဆောင်းပါး စာမျက်နှာ » ၁၆၊ ၁၇




မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။
ဓာတ်ပုံ-ဧယျာထက်(မင်းဘူး)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၈၂၆ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၁၂၅၁ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၃၆၅၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၁၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၁၅၆၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀) မြောက် သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD ၊ MRTV News ၊ MWD ၊ MWD Variety ၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM ၊ ပတ္တမြား FM ၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


ရသစုံလင် ဖြိုးမျက်ရှင်

**ချုံထဲက သူဌေးကြီး**
စာမျက်နှာ » ၂၀

**လူငယ်များသိသင့်သောထူးချွန်ထင်ရှားပုဂ္ဂိုလ်များ (ဦးသန့်)**
စာမျက်နှာ » ၂၁

ကြေးမုံ

# ဒေသတည်ငြိမ်အေးချမ်းမှုကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်လျက်ရှိပြီး ပြည်တွင်းတည်ငြိမ်အေးချမ်းရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်း၌ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်နိုင်အောင် ငြိမ်းချမ်းရေးကို အမြဲတံခါးဖွင့်ကြိုဆိုပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထပ်မံ၍ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကိုအကြောင်းပြုပြီး ဖြစ်ပေါ်လာသော လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများကို ချုပ်ငြိမ်းသွားအောင် တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး သမိုင်းကြောင်းတစ်လျှောက်တွင် အိမ်နီးချင်းနိုင်ငံများနှင့် ပဋိပက္ခဖြစ်ပွားမှု မရှိသလောက်အလွန်နည်းပါးပြီး ပြင်ပမှကျူးကျော်စော်ကားမှုလည်းမရှိခဲ့ချေ။ သို့သော် အနောက်ဘက်အိမ်နီးချင်းနိုင်ငံဘက်မှ ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့၏ ကျူးကျော်စော်ကားမှုများ အကြိမ်ကြိမ်ရှိခဲ့သည်။ အနီးစပ်ဆုံးအားဖြင့် နယ်ခြားစောင့်ကင်းစခန်းများအား ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် တစ်ကြိမ်နှင့် ယခု ၂၀၂၂ ခုနှစ်တွင်တစ်ကြိမ် လာရောက်တိုက်ခိုက်ခဲ့ကြသည်။ ယခုဖြစ်စဉ်တွင် AA အနေဖြင့် ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့နှင့်ပူးပေါင်း၍ တိုက်ခိုက်ခဲ့ကြသည်ကို တွေ့ရသည်။

AA အဖွဲ့သည် တစ်ဖက်နိုင်ငံမှ ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့နှင့်ပူးပေါင်းပြီး စက်တင်ဘာလ ၁၆ ရက်နေ့ ည ၇ နာရီခွဲအချိန်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် BP-၃၁ အနီး လုံခြုံရေးဆောင်ရွက်နေသော တောင်ပြိုဝဲရဲကင်းစခန်းအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါလက်နက်ကြီးကျည်များသည် ရဲကင်းစခန်းနှင့် နယ်စပ်ခြံစည်းရိုးအားကျော်လွန်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ သုံးလုံးကျရောက်ပေါက်ကွဲခဲ့သည်။ အလားတူ ထိုနေ့ည ၈ နာရီ ၁၀ မိနစ်နှင့် စက်တင်ဘာလ ၁၇ ရက်နေ့ နံနက်အစောပိုင်းတို့တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်နိမိတ်မှတ်တိုင် BP-၃၄ အနီး တောင်ပြိုယာရဲကင်းစခန်းအား အထက်ပါပစ်ခတ်ခဲ့သည့်နေရာများမှ လက်နက်ကြီးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါလက်နက်ကြီးကျည်များသည် ရဲကင်းစခန်းခြံစည်းရိုးကိုကျော်လွန်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ သုံးလုံးကျရောက်ပေါက်ကွဲခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန် အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်လျက်ရှိနေစဉ်ကာလအတွင်း AA အဖွဲ့သည် ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့နှင့်ပူးပေါင်း၍ တိုက်ခိုက်လာခြင်းသည် ငြိမ်းချမ်းရေးကို ဖျက်ဆီးနေခြင်းဖြစ်သည်။ ထို့အပြင် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအား မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ် နယ်စပ်ခြံစည်းရိုးအနီးမှ ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်ခြင်းသည် အိမ်နီးချင်းနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ပျက်ပြားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည့်အပြင် ကုလသမဂ္ဂ အထွေထွေညီလာခံကျင်းပနေစဉ်အချိန်အခါ၌ မြန်မာနိုင်ငံအစိုးရအပေါ် အထင်အမြင်လွဲမှားအောင် ပြုလုပ်ခြင်းလည်းဖြစ်သည်။ ထိုသို့လက်နက်ကြီးကျည် နယ်စပ်ကိုကျော်လွန်၍ ကျရောက်ပေါက်ကွဲမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်အနီးရှိ ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အလားတူ AA အဖွဲ့သည် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအား ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ဖြတ်တောက်ခြင်းများ ပြုလုပ်လျက်ရှိရာ ဩဂုတ်လ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ် နယ်ခြားမှတ်တိုင်အမှတ် BP-၄၀ ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းအား သာလွန်အင်အားဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် စခန်းအား လက်လွတ်ဆုံးရှုံးခဲ့ရပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်အချို့ ထိခိုက်ကျဆုံးခဲ့ရသည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။ AA အဖွဲ့သည် ငြိမ်းချမ်းရေးကိုမျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအား ကျူးကျော်စော်ကားနေသော အစွန်းရောက်အကြမ်းဖက်သမားနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကိုတွေ့ရသည်။ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးလျက်ရှိသည်သာမက နှစ်နိုင်ငံချစ်ကြည်ရေးပျက်ပြားစေရန်နှင့် နိုင်ငံအစိုးရအပေါ် အထင်အမြင်လွဲမှားစေရန် တမင်ကြံစည်လုပ်ဆောင်မှုများရှိနေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးပျက်ပြားမှုမရှိစေရန်နှင့် အထင်အမြင်လွဲမှားမှု မရှိစေရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်ခြားစောင့်တပ်သို့ အသိပေးအကြောင်းကြားစာပေးပို့ထားပြီး နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကာ ငြိမ်းချမ်းရေးကိုသွေဖည်ပြီး တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်ပြုလုပ်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများအား ရှင်းလင်းဖယ်ရှား၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ကာကွယ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။




## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၆၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ စက်တင်ဘာ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၆၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရတနာပုံတောရကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဥဿာသီရိပရိယတ္တိစာသင်တိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အောင်ပါရမီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ကံသာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိတိပိဋက စိန်ရွှေဖူးကျောင်းတိုက်နှင့် ရတနာမာန်အောင်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မိုဃ်းကောင်းပရိယတ္တိ စာသင်တိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ ကျွန်းကလေးပရိယတ္တိကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ပဋ္ဌာနတာရုံကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ တောင်ပြင်ထီးလင်းကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ရေပန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိအသောကသီတဂူကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရွှေလရောင်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | – | ဦးစိုးစိုးနိုင် | **အကြီးတန်း** | – | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | – | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | – | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **အငယ်တန်း သတင်းထောက်များ** | – | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | **သုတေသန** | – | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | – | ဦးနိုင်လင်းကြည်၊ | **စာပြင်** | – | ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | **ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့** |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | – | ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# “ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ” တည်ဆောက်ပြီးစီးပါက ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ သက်မွေးပညာသင်တန်း တက်ရောက်နိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်

**တောင်ကြီး စက်တင်ဘာ ၁၈**

ယခုတည်ဆောက်မည့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသည် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦးအစပြုသည့် အမှတ်အသားတစ်ခုဖြစ်သဖြင့် အဆောက်အအုံ အမြန်ဆုံးပြီးမြောက်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းပေးကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က “ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ” အဆောက်အအုံအုတ်မြစ်စီ မင်္ဂလာအခမ်းအနား၌ တိုက်တွန်းပြောကြားခဲ့သည်။




အဆိုပါ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၂)ရပ်ကွက် မြေကွက်အမှတ်(၉၃)၌ ကျင်းပခဲ့ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားများ တက်ရောက်ကြပြီး ရတနာအုပ်မြစ်များစီကြကာ အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာစင်တာကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး သင်တန်းစင်တာ အဆောက်အအုံကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယင်းသင်တန်းစင်တာပြီးပါက ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ မော်တော်ဆိုင်ကယ် စက်ပြင်သင်တန်း စသည့် သက်မွေးပညာကာလတိုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှမ်းပြည်နယ်ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့်တွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဒေသခံတိုင်းရင်းသားများအတွက် အသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုကိစ္စရပ်များ၊ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလားတူ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းနှင့်ပတ်သက်ပြီး စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ငွေစာရင်းဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ ကျွမ်းကျင်စွာ တတ်မြောက်ထားရန်လိုကြောင်းနှင့် တိုင်းရင်းသားဒေသဖွံ့ဖြိုးရေး ဆိုင်ရာလုပ်ငန်းများကို ကျရာကဏ္ဍမှ စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**



ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ်စောစတီး ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာစဉ်။



ကရင်အမျိုးသားအစည်းအရုံး/ ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာစဉ်။

# ငြိမ်းချမ်းရေးဆွေးနွေးရန် လာရောက်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ ရောက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်ခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ်စောစတီး ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့် စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍ လည်းကောင်း ၎င်းတို့တည်းခိုရာ Horizon Lake View Resort ၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**✪ ရှေ့ဖုံးမှ**

သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့၊ ကျိုက်လတ်မြို့နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းစည်းများကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဝါးခယ်မမြို့နယ်၌ ဆန်၊ ဆား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**ဝါးခယ်မ စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ပေါ် ရွာသစ်ရပ်ကွက်ရှိ အိမ်ထောင်စု ၁၆၇ စုအား ဆန်၊ ဆား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဝါးခယ်မမြို့ သကျမဟာသီရိဘုရားကြီးဝင်းအတွင်း၌ အိမ်ထောင်စုတစ်စုလျှင် ဆန်သုံးပြည်လျှင် ငွေကျပ် ၃၀၀၀ နှုန်း၊ ကြက်ဥနှစ်လုံး ငွေကျပ် ၃၀၀ နှုန်း၊ ဆား ၅၀ ကျပ်သားနှင့် ဟင်းသီးဟင်းရွက်တစ်မျိုး ငွေကျပ် ၂၀၀ နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှိုင်ကော်သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေး





လှိုင်ကော် စက်တင်ဘာ ၁၈

ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးကို ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ သင်တန်းကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ စာသင်ကျောင်းများနှင့် ရပ်ကွက်များ၌ ယမန်နေ့နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

**လိုက်လံကြည့်ရှု**

ထိုသို့ဆောင်ရွက်ရာတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လှိုင်ကော်) ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများက လှိုင်ကော်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုများ၊ သင်တန်းကျောင်းအဆောက်အအုံဥပဓိရုပ်ကောင်းမွန်စေရေးဆောင်ရွက်နေမှုများ၊ သင်တန်းခန်းမ၊ စာသင်ဆောင်၊ စားသောက်ဆောင်နှင့် ကိုဗစ်-၁၉ ရောဂါပိုးဖြစ်ပွားလာပါက ပိုးတွေ့လူနာများကိုထားရှိမည့် သီးသန့်ဆောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သင်တန်းသား သင်တန်းသူများ အဆင်ပြေ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေး စာသင်ဆောင်၊ အိပ်ဆောင်၊ စားသောက်ခန်းမများနှင့် ကျောင်းပရဝဏ်အတွင်း သန့်ရှင်းသာယာလှပစေရေး အမြဲမပြတ်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ကယားပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် မြို့များသန့်ရှင်းသာယာလှပစေရေး၊ ခြင်အန္တရာယ်နှင့် အခြားရောဂါများ ကင်းဝေးစေရေးအတွက် ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများနှင့် ရပ်ကွက်ကျေးရွာများတွင် အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုဇင်(လှိုင်ကော်)

❖

# ရေထွက်ကုန်အတွက် နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာနှင့် ငါး/ပုစွန်မျိုး မြှင့်တင်သော နည်းပညာအပါအဝင် ရေထွက်ကုန်ကဏ္ဍအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍအသီးသီးကို ဆွေးနွေးဆောင်ရွက်သွားမည်

ရန်ကုန် စက်တင်ဘာ ၁၈

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပမည့် Global Fisheries Fourm and Seafood Expo Russia ဖိုရမ်၌ မြန်မာနိုင်ငံ ရေထွက်ကုန်ကဏ္ဍနှင့်ပတ်သက်၍ ငါးလုပ်ငန်း အဖွဲ့ချုပ်အနေဖြင့် ကဏ္ဍနှစ်ရပ်နှင့်အတူ ရုရှားနိုင်ငံမှ ပင်လယ်ငါးကို မြန်မာနိုင်ငံတွင် တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီး ပြန်လည်တင်ပို့နိုင်ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် Global Fisheries Fourm and Seafood Expo Russia ဖိုရမ်သို့ တက်ရောက်ကြမည့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ ရေငန်ပုစွန်လုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ(၁)၌ တွေ့ဆုံစဉ် ထိုသို့ ဆွေးနွေးပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ရေထွက်ကုန်အတွက် နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာနှင့် ငါး/ပုစွန်မျိုးမြှင့်တင်သော နည်းပညာအပါအဝင် ရေထွက်ကုန်ကဏ္ဍအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍအသီးသီးကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြိတ်ကျွန်းစုသည် ကမ္ဘာ့ဈေးကွက်ဝင် အပြာရောင်နှင့် အဝါရောင် တူနာငါးမွေးမြူရန် နေရာကောင်းဖြစ်၍ ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်နိုင်သော နေရာကောင်းတစ်ခု ဖြစ်ကြောင်း၊ ရေထွက်ကုန်ကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုမှ ငါး/ပုစွန်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို သတ်မှတ်စည်းကမ်းများ၊ တည်ဆဲဥပဒေများနှင့်အညီဖြစ်စေရေး ထိန်းကျောင်း ကြပ်မတ်လျက်ရှိပြီး GAqP အပါအဝင် ခေတ်မီနည်းပညာအသုံးပြု၍ မွေးမြူထုတ်လုပ်သောလုပ်ငန်းများ ဖွံ့ဖြိုးလာရန် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ငါးလုပ်ငန်းအဖွဲ့ချုပ်မှတာဝန်ရှိသူများက ဖိုရမ်တွင် ဆွေးနွေးကြမည့် အချက်အလက်များနှင့် စပ်လျဉ်း၍ တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပမည့် Global Fisheries Fourm and Seafood Expo Russia ဖိုရမ်သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်များနှင့် ရေလုပ်ငန်းကိုယ်စားလှယ်များသည် စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ တက်ရောက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ - သတင်းစဉ်

ဓာတ်ပုံ - ကနူး

# (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တောင်ကြီး စက်တင်ဘာ ၁၈

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့နှင့် သီးခြားတပ်ဖွဲ့များက ယနေ့နံနက် ၇ နာရီတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးနှင့် သူနာပြုသင်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ရာသို့ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကို၊ ဦးစီးအရာရှိ(ပထမတန်း)(ဦး/ရေး/ထောက်) ဒုတိယရဲမှူးကြီး ဝင်းသိန်း၊ အမှတ်(၂) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွဋ်မြင့်၊ အမှတ်(၁၄) သတင်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်မင်းဦး၊ အမှတ်(၁၅) မှုခင်းရဲတပ်ဖွဲ့စုမှူး ရဲမှူးညွန့်ဝင်း၊ အမှတ်(၁၈) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးစည်သူ၊ အမှတ်(၁၅) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှူး ရဲမှူးမျိုးဇင်၊ တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးနှင့် စဝ်စံထွန်းဆေးရုံအုပ် ဒေါက်တာမေစန်းချိုတို့ တက်ရောက်အားပေးခဲ့ကြောင်းနှင့် အရာရှိ ၅၀၊ အခြားအဆင့် ၁၂၇ ဦး၊ စာရေးဝန်ထမ်း ငါးဦး စုစုပေါင်း ၁၈၂ ဦးတို့က စဝ်စံထွန်းဆေးရုံကြီးနှင့် သူနာပြုသင်တန်းကျောင်းအတွင်း အမှိုက်နှင့် ပေါင်းမြက်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# နေပြည်တော်ရှိ ပျဉ်းမနားမြို့မဈေးနှင့် ယုဇနဈေးတို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းများဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၁၈

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများဖြစ်ပေါ်လျက်ရှိရာ မြန်မာနိုင်ငံအမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့မဈေးနှင့် ယုဇနဈေးတို့တွင် ဈေးသူ/ဈေးသားများနှင့် ဈေးဝယ်လာသူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် ဈေးရောင်းဈေးဝယ်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ နေထိုင်ရေး၊ နေအိမ်ပြင်ပထွက်ခွာပါက နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရေး၊ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကိုလည်း ဆက်လက်ထိုးနှံသွားရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

# အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

## တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နှစ်(၅၀)ပြည့် ရွှေရတုတိုင်းနှစ်ပတ်လည်နေ့ ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၁၈**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ နှစ်(၅၀)ပြည့် ရွှေရတု တိုင်းနှစ်ပတ်လည်နေ့ကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာန ချုပ် အေးချမ်းဖြိုးခန်းမ၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။ ထို့နောက် နှစ်(၅၀) ပြည့် ရွှေရတုတိုင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းကို ဆက်လက် ပြုလုပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆုရရှိကြသည့် အားကစားသမားများ၊ ထူးချွန်အားကစားသမားများ၊ သင်တန်း များတွင် ထူးချွန်ဆုရရှိကြသူများ၊ အိမ်ထောင်သည်လိုင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သန့်ရှင်းရေးအကောင်းဆုံးဆုရရှိကြ သူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးကြသည်။

ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံကျွေးမွေးပြီး အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## မော်လမြိုင်ကျွန်းမြို့နယ်နေ ပြည်သူများ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ကူးစက်မှုကာကွယ်ထိန်းချုပ်နိုင်ရေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများစုပေါင်း၍ မြို့နေပြည်သူများ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်နိုင်ရေး အတွက် ယနေ့နံနက် ၇ နာရီက မြို့တွင်းလမ်းတစ်လျှောက် လူစည်ကား ရာ နေရာများ၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက ကူးစက်မြန် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းအိုမီခရွန် ရောဂါသည် ပြည်တွင်းကူးစက်မှု ပြန်လည်ဖြစ်ပွားလာပြီဖြစ်သဖြင့် ကာကွယ်ထိန်းချုပ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထား သော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး သတ်မှတ်စည်းကမ်း ချက်များနှင့်အညီလိုက်နာကြရန်၊ ပြည်သူများ အိမ်အပြင်ထွက်ပါက မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်သွားလာရန် အသိပညာပေးခြင်း များဆောင်ရွက်ခဲ့သည်။ မြို့တွင်းလမ်းတစ်လျှောက် လူစည်ကားရာ နေရာများဖြစ်သော မြို့မဈေး၊ အောင်သာယာဈေး၊ ဆိပ်ကမ်းသာဈေးနှင့် ဗိုလ်ချုပ်ဈေးတို့၌ ပြည်သူများအား နှာခေါင်းစည်း အခမဲ့ဖြန့်ဝေခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော စည်းကမ်းချက်များကို သိရှိလိုက်နာနိုင်စေရေး လှည့်လည်ကြေညာခဲ့ကြောင်း သိရသည်။

အောင်အောင်(ပြန်/ဆက်)

## ကြို့ကုန်းကျေးရွာ၌ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**အိမ်မဲ စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ အထက ကြို့ကုန်းကျောင်း မြတ်လေးရတနာခန်းမ၌ ကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများအား ခရိုင်စစ်ကြောင်းကြီး ငါးကြောင်းနှင့် မြို့နယ်စစ်ကြောင်းကြီး ငါးကြောင်း စုစုပေါင်း စစ်ကြောင်းကြီး ၁၀ ကြောင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်း အနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ကျင်းပ ခဲ့သည်။

အခမ်းအနားတွင် မြောင်းမြခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းငွေက အဖွင့် အမှာစကားပြောကြားပြီး မြောင်းမြခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ထက်အောင်၊ မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့အတွင်းရေးမှူး ဒုတိယရဲမှူးကြီး မောင်မောင်ရွှေ၊ မြောင်းမြခရိုင် ဥပဒေအရာရှိ ဦးခင်မောင်မြင့်နှင့် မြောင်းမြခရိုင် ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းဝင်းတို့က တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ဆန်များထောက်ပံ့**

ဆက်လက်၍ ကြို့ကုန်းကျေးရွာအုပ်စုမှ ပုံမှန်ဝင်ငွေမရှိသော ပြည်သူများအား ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းငွေက ဆန်များ ထောက်ပံ့ပေးအပ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီးထက်အောင်က စွမ်းအားမြှင့် မီးဖိုအလုံး ၅၀ ကို ပေးအပ်ခဲ့သည်။

ထို့နောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရာ မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက ကြို့ကုန်းကျေးရွာအုပ်စုရှိ ကြို့ကုန်းတံတား ပြန်လည်ပြုပြင်နိုင်ရန်၊ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်လျက်ရှိသော ကြို့ကုန်းကျေးရွာ ရေသန့်စင်စနစ် ဆောင်ရွက်ခြင်းလုပ်ငန်း တည်ဆောက်နေမှု၊ ဝဲကြီးဝကျေးရွာအုပ်စုရှိ တံတားအထူးအဖွဲ့ (၁၆) တံတားဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ပြီးစီးသော ဝဲကြီး ရေကျော်တံတား တည်ဆောက်ပြီးစီးမှု၊ မကျီးချောင်း ကျေးရွာအုပ်စုရှိ ကျုံကနိ- မကျီးချောင်း ကျောက်ချောလမ်းခင်းရန်နှင့် မကျီးချောင်းတံတား ပြန်လည်ပြုပြင်နိုင်ရန် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ငါးသိုင်းချောင်းမြို့ကို အမှိုက်ကင်းစင်သည့် Clean City ဖြစ်စေရန်၊ စိမ်းလန်းစိုပြည်လှပသည့် Green City ဖြစ်စေရန်အတွက် မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ညွန့်တို့ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်း များက ရှေ့ဆောင်ရပ်ကွက် သရက်ကုန်းလမ်း အထကကျောင်း အနောက်ဘက် လမ်းဘေးဝဲ/ယာ တစ်လျှောက်ရှိ မြက်များ၊ ချုံနွယ် များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ကောက်ခြင်းတို့ကို စက်တင်ဘာ ၁၇ ရက်က ပြုလုပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့် အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်း ပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ပန်းကိုလို၍ အပင်ပျိုးခဲ့သည်

**ဝဏ္ဏ(TGI)**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ် တတိယမြောက်နေ့ မွန်းလွဲပိုင်းဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University(FEFU) တက္ကသိုလ်၏ ဧည့်ခန်းမဆောင်အတွင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးစီးသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့် တက္ကသိုလ်၏ ပါမောက္ခချုပ် Mr.Boris Nikolaevich Korobets ဦးဆောင်သည့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးမှုကို ဆောင်ရွက်နေကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University(FEFU) တက္ကသိုလ်ပါမောက္ခချုပ် Mr. Boris Nikolaevich Korobets နှင့် တွေ့ဆုံဆွေးနွေးစဉ်။

### တက်ရောက်

မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံတော်အကြီးအကဲအပါအဝင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ သံအမတ်ကြီးနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)တို့ဖြင့် ဆွေးနွေးပွဲကို သိုက်သိုက်ဝန်းဝန်းဆိုသလို တက်ရောက်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ(FEFU) တက္ကသိုလ်ဘက်မှလည်း တက္ကသိုလ်ပါမောက္ခချုပ်နှင့်အတူ ဒုတိယပါမောက္ခချုပ် Mr. Evgeny E. VLASOV၊ တက္ကသိုလ်၏ဌာနအသီးသီးမှ တာဝန်ရှိအကြီးအကဲများဖြင့် စုံလင်စွာတက်ရောက်ဆွေးနွေးကြသည်။


ဆွေးနွေးမှုအစတွင် FEFU တက္ကသိုလ်ပါမောက္ခချုပ်က တက္ကသိုလ်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံတကာမှ ပညာတော်သင်ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှု၊ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022)၏ မျက်နှာစုံညီအစည်းအဝေး Plenary Session တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်၏ "စားနပ်ရိက္ခာ လုံခြုံရေး (Food Security)ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ"ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုအပေါ် သုံးသပ်ထင်မြင်မှု စသည်တို့ကို ဆွေးနွေးပြောကြားသည်။

> **FEFU တက္ကသိုလ်နှင့် မြန်မာနိုင်ငံတို့ကြား ပညာရေးကဏ္ဍသစ် စတင်မည့် အခြေအနေကို ပြောကြားရာ တက္ကသိုလ်ပါမောက္ခချုပ်တို့ဘက်က ဝမ်းသာစကားဖြင့် ကြိုဆိုနေကြောင်း တုံ့ပြန်သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း မဝေးသည့် ကာလအတွင်း မြန်မာနိုင်ငံမှ ဆေးဘက်ဆိုင်ရာပညာတော်သင်များ လာရောက်ပညာသင်ကြားကြမည့် အခြေအနေ၊ အမိမြန်မာပြည်ကြီး၏ ကျန်းမာရေးကဏ္ဍအတွက် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးပေးနိုင်မည့်အခြေအနေတို့ကို စဉ်းစားရင်း အတွေးဖြင့်ပင် ကြည်နူးနေမိမည်ထင်ပါသည်**

ပါမောက္ခချုပ်မှ ဆွေးနွေးပြောကြားမှုတွင် စားနပ်ရိက္ခာလုံခြုံရေး (Food Security)၏ အရေးပါမှုကို သတိပြုမိစေရန် ထောက်ပြဆွေးနွေးမှုများအပေါ် ချီးကျူးစကားသံများက လွှမ်းမိုးနေသည်။ အကြီးအကဲ၏အနာဂတ်သို့ လှမ်းမျှော်ဆွေးနွေးမှုကို လေးစားစကားဆိုရင်း ၎င်း၏တက္ကသိုလ်သို့ မြန်မာနိုင်ငံမှပညာတော်သင်များ စေလွှတ်တက်ရောက်ပါက ဝမ်းမြောက်စွာ ကြိုဆိုလက်ခံမည့်အကြောင်း ဆွေးနွေးပြောကြားသည်။

### ပညာရေးအလှမ်းမဝေး

အကြီးအကဲအနေဖြင့် FEFUတက္ကသိုလ်၏ ပါမောက္ခချုပ်အပါအဝင် တက္ကသိုလ်တာဝန်ရှိသူများနှင့် ဆွေးနွေးခြင်းဖြစ်သည့်အတွက် ပညာရေးကဏ္ဍကိုသာဦးတည်သည့် ဆွေးနွေးခြင်းကို ဆောင်ရွက်သည်။ မြန်မာနိုင်ငံမှ ပညာတော်သင်များအား ရုရှားနိုင်ငံ၏ အနောက်ပိုင်းရှိ တက္ကသိုလ်အများအပြားတွင် စေလွှတ်တက်ရောက်စေ၍ အဆင့်မြင့်ပညာရပ်များသင်ကြားရေး ဆောင်ရွက်နေမှုကို စတင်ဆွေးနွေးသည်။ ရုရှား-မြန်မာနှစ်နိုင်ငံပညာရေး ကူးလူးဆက်ဆံမှုအခြေအနေကောင်းများကို ထုတ်ဖော်ဆွေးနွေးခြင်းဖြင့် ပညာရေးအလှမ်းမဝေးသည့် အခြေအနေကို စတင်ဆွေးနွေးသည်။ လက်ရှိ FEFU တက္ကသိုလ်သို့ ဆေးဘက်ဆိုင်ရာဘွဲ့လွန်ပညာရပ်များကို စေလွှတ်တက်ရောက်စေမည်ဟု ပြောကြား၍ FEFU တက္ကသိုလ်နှင့် မြန်မာနိုင်ငံတို့ကြား ပညာရေးကဏ္ဍသစ် စတင်မည့်အခြေအနေကို ပြောကြားရာ တက္ကသိုလ်ပါမောက္ခချုပ်တို့ဘက်က ဝမ်းသာစကားဖြင့် ကြိုဆိုနေကြောင်း တုံ့ပြန်သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း မဝေးသည့်ကာလအတွင်း မြန်မာနိုင်ငံမှ ဆေးဘက်ဆိုင်ရာပညာတော်သင်များ လာရောက်ပညာသင်ကြားကြမည့် အခြေအနေ၊ အမိမြန်မာပြည်ကြီး၏ ကျန်းမာရေးကဏ္ဍအတွက် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးပေးနိုင်မည့် အခြေအနေတို့ကိုစဉ်းစားရင်း အတွေးဖြင့်ပင် ကြည်နူးနေမိမည်ထင်ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Primorsky ဒေသအစိုးရအဖွဲ့ အကြီးအကဲ Mr. Oleg Nikolaevich Kozhemyako တို့ တွေ့ဆုံဆွေးနွေးစဉ်။

### တိုးမြှင့်ဆောင်ရွက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ရှိရင်းစွဲဆက်ဆံရေးနှင့် စီးပွားရေးကူးလူးဆက်ဆံမှုများကို ထပ်မံတိုးမြှင့်ဆောင်ရွက်နေသည့် အချိန်ကာလဖြစ်သည့်အတွက် ပညာရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်နိုင်မည့် အခြေအနေကောင်းများအကြောင်း ပြောကြားရင်း အကြီးအကဲက ဆွေးနွေးမှုကို ဆက်သည်။ နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်နေသည့်အခြေအနေကို ဆွေးနွေးကြခြင်းဖြစ်၍ နှစ်ဖက်ဆွေးနွေးမှုများတွင် နွေးထွေးမှုများလွှမ်းခြုံနေသည်။ အပြန်အလှန်ကူညီဖေးမမှု၊ ပူးပေါင်းဆောင်ရွက်မှုများအတွက်လည်း အသင့်ဖြစ်နေသည်ကို နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များ၏မျက်နှာထက်တွင် အထင်းသားမြင်တွေ့နိုင်သည်။

စာမျက်နှာ ၇ သို့ »»

»»» **စာမျက်နှာ ၆ မှ**

ချစ်ခင်ရင်းနှီးမှုကိုအခြေခံသည့် ဆွေးနွေးမှုတွင် မြန်မာနိုင်ငံမှ သင်တန်းသား ပညာတော်သင်များ လာရောက်တက်ရောက်စဉ်တွင် တက္ကသိုလ်မှ စီမံဆောင်ရွက်ပေးမည့်အခြေအနေများ၊ FEFU တက္ကသိုလ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL)တို့အကြား သဘောတူညီမှုတစ်ရပ်အား မကြာမီလက်မှတ်ရေးထိုးမည့် အခြေအနေများလည်းပါသည်။ ဆွေးနွေးသည့် အချိန်ကာလတစ်ခုအတွင်းတွင် ပညာရေးအခြေခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စေခြင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်နိုင်ခြင်း၊ ပညာရေးအား မျှဝေဖလှယ်ခြင်းအားဖြင့် ခေတ်ပညာတတ်ကျွမ်းမှုကို အဆင့်မြှင့်တင်နိုင်ခြင်း အစရှိသည့် များပြားလှစွာသော အကျိုးကျေးဇူးများကို ရရှိခဲ့သည်ဟု ထင်မြင်မိသည်။ ၁၈၉၉ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည့် FEFU တက္ကသိုလ်၏ သင်ကြားပို့ချနေသည့် ပညာရပ်များမှာ များပြားလွန်းလှပြီး မဝေးတော့သည့်ကာလတွင် ၎င်းပညာရပ်များကို မြန်မာပညာတော်သင်များက လာရောက်သင်ယူနိုင်ရေး တိုးမြှင့်ဆောင်ရွက်လာနိုင်မည်ဟုလည်း ထင်မြင်ယူဆမိပါသည်။

**တွေ့ဆုံဆွေးနွေး**

FEFU တက္ကသိုလ်ပါမောက္ခချုပ်နှင့် တွေ့ဆုံဆွေးနွေးမှုအပြီးတွင် အကြီးအကဲအနေဖြင့် Primorsky ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. Oleg Nikolaevich Kozhemyako နှင့် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်သည်။ တွေ့ဆုံဆွေးနွေးမှုဆောင်ရွက်စဉ် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များ စုံလင်စွာတက်ရောက်ကြပြီး အပြန်အလှန်နှုတ်ဆက်မှုအပြီးတွင် တွေ့ဆုံဆွေးနွေးမှုကိုစသည်။

တွေ့ဆုံဆွေးနွေးမှုတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အရှေ့ပိုင်းတွင်တည်ရှိနေသည့် Primorsky ဒေသနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး၊ ပို့ကုန်၊ သွင်းကုန်ကဏ္ဍများ မြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြသည်။ ကြီးမားလှသည့် ကုန်တင်ဆိပ်ကမ်းတည်ရှိရာ ဒေသဖြစ်သည့်အတွက် မြန်မာနိုင်ငံအပေါ် ရရှိလာနိုင်မည့်အကျိုးကျေးဇူးကား နည်းမည်မဟုတ်။ အလားတူ မြန်မာနိုင်ငံ၏ထွက်ကုန်များသည်လည်း ယခု Primorsky ဒေသနှင့် ရုရှားနိုင်ငံ တစ်နံတစ်လျားတွင် ကျယ်ပြောလှသည့် ဈေးကွက်တစ်ခုအဖြစ် ရောက်လာမည့် အခြေအနေကောင်းဟု ဆိုရမည်ဖြစ်သည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုကို အလျင်အမြန်မြှင့်တင်နိုင်ရေးအတွက် ကောင်စစ်ဝန်ချုပ်ရုံးနှင့် Business Centre များ ဖွင့်လှစ်ရန်လိုအပ်မည်ဖြစ်ရာ Primorsky ဒေသ၊ ဗလာဒီဗော့စတော့ခ်မြို့တွင် အမြန်ဆုံးဆောင်ရွက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးရာ ဒေသအစိုးရအဖွဲ့ကလည်း ဝမ်းမြောက်စွာကြိုဆို၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အပြန်အလှန်ဆွေးနွေးသည်။ ထက်သန်သည့် စိတ်အကြံဆွေးနွေးမှုသည် မကြာမီအကောင်အထည်ပေါ်လာလိမ့်မည် ဆိုသည်ကိုလည်း ယုံကြည်မိသည်။

မြန်မာနိုင်ငံမှ ပညာတော်သင်များကို ပညာရပ်ပေါင်းစုံတွင် လာရောက်သင်ကြားနိုင်ရေးနှင့် လာရောက်ချိန်တွင် ဒေသအစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးမည့်အခြေအနေ၊ Primorsky ဒေသတွင် ဆောင်ရွက်လျက်ရှိသည့် Children Camp များတွင် မြန်မာနိုင်ငံမှ လူငယ်၊ လူရွယ်များ ပါဝင်နိုင်မည့် အခြေအနေများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။ ဆွေးနွေးမှုတွင် ပါဝင်သည့် Children Camp ဆိုသည်မှာ လူငယ်၊ လူရွယ်များ အချင်းချင်း ပညာရပ်များ၊ အသိအမြင်အတွေ့အကြုံများကို ဖလှယ်ဆောင်ရွက်သည့် အစီအစဉ်ဟု သိရသည်။ အနာဂတ်၏ခေါင်းဆောင်များဟု ရည်ညွှန်းလေ့ရှိသည့် လူငယ်၊ လူရွယ်များအတွက် စီစဉ်ထားမှုဖြစ်သည့်အတွက် ကောင်းမွန်လှသည့် အစီအစဉ်ဟု ထင်မြင်မိသကဲ့သို့ မြန်မာနိုင်ငံမှ လူငယ်၊ လူရွယ်များကို အတွေ့အကြုံကောင်းများ ရယူနိုင်စေရန်အတွက် မကြာမီ ပူးပေါင်းဆောင်ရွက်လာမည်ဟုလည်း ယုံကြည်မိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့ တွေ့ဆုံဆွေးနွေးစဉ်။

**စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများကိုလည်း Primorsky ဒေသသို့ လာရောက်လေ့လာစေလိုမှုအခြေအနေ၊ တိုက်ရိုက်ကုန်သွယ်မှု၊ ငွေကြေးစီစဉ်နိုင်မှုအခြေအနေ စသည်တို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။ ပန်းလိုချင် အပင်ပျိုးတတ်မှ ဟု မြန်မာဆိုရိုးစကားရှိသည်။ ယခုဆွေးနွေးမှုများသည် မြန်မာဟူသော အမိမြေအား ပွင့်လန်းလာစေလိုစိတ်ဖြင့် အပင်တည်းဟူသောဆွေးနွေးမှုကို ပြုနေသည်ဟု ညွှန်းလျှင် မှားမည်မထင်ပါ**

**ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး**

စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများကိုလည်း Primorsky ဒေသသို့ လာရောက်လေ့လာစေလိုမှု အခြေအနေ၊ တိုက်ရိုက်ကုန်သွယ်မှု၊ ငွေကြေးစီစဉ်နိုင်မှုအခြေအနေ စသည်တို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။ ပန်းလိုချင် အပင်ပျိုးတတ်မှ ဟု မြန်မာဆိုရိုးစကားရှိသည်။ ယခုဆွေးနွေးမှုများသည် မြန်မာဟူသော အမိမြေအား ပွင့်လန်းလာစေလိုစိတ်ဖြင့် အပင်တည်းဟူသော ဆွေးနွေးမှုကို ပြုနေသည်ဟုညွှန်းလျှင် မှားမည်မထင်ပါ။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022)၏ပြခန်းရှိရာသို့ သွားရောက်လေ့လာကြသည်။ **စာမျက်နှာ ၈ သို့** »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌ ပြခန်းပါဝင်ပြသလျက်ရှိသည့် Republic of Buryatia ပြည်နယ်ပြခန်းအတွင်း လေ့လာကြည့်ရှုကြစဉ်။

››› **စာမျက်နှာ ၇ မှ**

အဓိကသွားရောက် လေ့လာမည့်နေရာမှာ Republic of Buryatia ပြည်နယ်ပြခန်းသို့ဖြစ်ပြီး ပြခန်းအရောက်တွင် ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် အဖွဲ့ဝင်များက ကြိုဆိုသည်။ သာမန်မျှသောကြိုဆိုမှု မဟုတ်။ ဒေသ၏ ရိုးရာအကအလှများဖြင့် ဖျော်ဖြေ ရင်းရင်းနှီးနှီးနွေးထွေးစွာကြိုဆိုသည်။ ပြခန်းအတွင်း လိုက်လံရှင်းလင်းပြသမှုကိုလည်း ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲကိုယ်တိုင် လိုက်ပါရှင်းလင်းပြသခြင်းဖြင့် အကြီးအကဲအပေါ် အလေးအနက်ထားမှုကိုပြသည်။

**မတူညီသောရသကို ပေးနိုင်စွမ်း**

Republic of Buryatia ပြည်နယ်ပြခန်းအတွင်း ခင်းကျင်းပြသထားမှုကလည်း မနည်းလှ။ ဒေသရိုးရာအထည်အလိပ်လုပ်ငန်းပြကွက်၊ စက်မှု၊ လက်မှုအနုပညာပြကွက်၊ သစ်နှင့်သစ်တောထွက်ပစ္စည်းပြကွက် စသည်တို့ပါသည်။ ရိုးရာမပျက်လုပ်ငန်းလုပ်ကိုင်နေမှုနှင့် ခေတ်မီစက်ကိရိယာအသုံးပြုပြကွက်များဖြစ်၍ မတူညီသောရသကို ပေးနိုင်စွမ်းသည်ဟုထင်သည်။ ဆက်လက်ပြသသည့်ပြခန်းများတွင် ရဟတ်ယာဉ်ထုတ်လုပ်မှုဆိုင်ရာပြကွက်လည်းပါသည်။ အမိမြန်မာနိုင်ငံ၏ ကာကွယ်ရေးလုပ်ငန်းများတွင်သာမက သဘာဝဘေးအန္တရာယ်ကာကွယ်၊ကူညီရေးလုပ်ငန်းများတွင် အသုံးဝင်သည့် ပြခန်းဖြစ်သည့်အတွက် အကြီးအကဲ၏ စိတ်ပါဝင်စားမှုက ပိုမိုသည်။ သိလိုသည့် အကြောင်းအရာအတွက် မေးခွန်းများလည်း ထုတ်သည်။ ပြည်နယ်အကြီးအကဲနှင့် ပြခန်းတာဝန်ရှိသူများကလည်း အသေးစိတ်ရှင်းလင်းတင်ပြကြသည်။ အခြားပြခန်းများတွင် ခေတ်မီစက်မှုနည်းပညာများပေါင်းစပ်ထားသည့် ကျန်းမာရေးဝန်ဆောင်မှုပြကွက်၊ ရိုးရာကျန်းမာရေးဆိုင်ရာပြကွက်၊ သဘာဝသယံဇာတ တူးဖော်မှုဆိုင်ရာ ပြကွက်များပါသည်။ ပြခန်းတိုင်းတွင် အကြီးအကဲ၏မေးခွန်းရှိသလို တာဝန်ရှိသူများကလည်း အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ပြခန်းများအား လိုက်လံကြည့်ရှုပြီးချိန်တွင် အကြီးအကဲဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ ဦးဆောင်သည့်အဖွဲ့တို့ ပြခန်းဧည့်ခန်းမဆောင်အတွင်း တွေ့ဆုံဆွေးနွေးသည်။ ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲမှ ပြခန်းသို့လာရောက်ကြည့်ရှုလေ့လာမှုအပေါ် ကျေးဇူးတင်စကားနှင့် လိုက်လံရှင်းလင်းပြသခွင့်အတွက် ဝမ်းမြောက်မှုကို စတင်ပြောကြားသည်။ ၎င်းဦးဆောင်နေသည့် Buryatia ဒေသ၏ သဘာဝသယံဇာတထွက်ရှိမှု၊ မြန်မာနိုင်ငံ၏အကြီးအကဲ ၎င်း၏ဒေသသို့ ရောက်ရှိလေ့လာချိန်တွင် လိုက်လံရှင်းလင်းတင်ပြမည့် အခြေအနေများကို ဝမ်းမြောက်ဂုဏ်ယူစွာ ဆွေးနွေးသည်။

ဆက်လက်ဆွေးနွေးမှုများတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံမှ ဒေသထွက်ကုန်နှင့် ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးမြင့်ကုန်ပစ္စည်းများအဖြစ် တင်ပို့နိုင်ရေးဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာနိုင်ငံနှင့် Buryatia ပြည်နယ်တို့အကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ အသေးစိတ်ဆွေးနွေးဆောင်ရွက်သွားမည့်အခြေအနေများကို အသေးစိတ်ဆွေးနွေးကြသည်။ ဆွေးနွေးမှုအား ရင်းနှီးပွင့်လင်းစွာဆောင်ရွက်ခြင်းဖြစ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေကိုသာ ဦးတည်ဆွေးနွေးခြင်းဖြစ်၍ ရလဒ်ကောင်းသည်ဟု ဆိုနိုင်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ စက်တင်ဘာ ၈ ရက် တစ်နေ့တာဆွေးနွေးမှုများတွင် သတိပြုမိသည့်အချက်လည်းရှိသေးသည်။ တွေ့ဆုံဆွေးနွေးခဲ့သည့် Primorsky ဒေသအစိုးရအဖွဲ့အကြီးအကဲနှင့် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲတို့၏ လွတ်လပ်စွာဆွေးနွေးမှုနှင့် ၎င်းတို့၏လုပ်ပိုင်ခွင့်ဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ဖွဲ့စည်းမှုမှာ ဖက်ဒရေးရှင်းစနစ်၊ တစ်နည်းအားဖြင့် ဖက်ဒရယ်စနစ်ကို အခြေခံသည်။ တွေ့ဆုံဆွေးနွေးခဲ့သည့်ဒေသနှင့် ပြည်နယ်တို့မှာ ဗဟိုအစိုးရ၏လက်အောက်တွင် ဖွဲ့စည်းထားခြင်းဖြစ်သော်လည်း ၎င်းတို့၏လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာမှာ များပြားလှသည်။ နိုင်ငံတော်၏ကာကွယ်ရေးနှင့် နိုင်ငံခြားရေးကဏ္ဍနှစ်ခုမှအပ ကျန်သည့်ကဏ္ဍ၊ နယ်ပယ်အားလုံးကို လုပ်ပိုင်ခွင့် အခွင့်အာဏာ အပြည့်အဝပေးအပ်ထားသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် အသုံးတွင်ကျယ်လျက်ရှိသော စကားအားဖြင့်ဆိုရလျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြည့်ဝစွာပေးအပ်ထားသည်ကို သတိပြုမိသည်။ ဤသည်ကပင် အမိမြန်မာပြည်အတွက် အကျိုးတစ်စုံတစ်ရာရလာနိုင်သည်ဟု သုံးသပ်ဖော်ပြအပ်ပါသည်။ ။

## မြောင်းမြမြို့၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**မြောင်းမြ စက်တင်ဘာ ၁၈**

(၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက် ၈ နာရီ က မြောင်းမြခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့၊



အမှတ်(၈၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ အကျဉ်းဦးစီးဌာနတို့က ပူးပေါင်း၍ မေတ္တာမွန်ဘိုးဘွားရိပ်သာ၌ အင်အား ၉၀ ဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘိုးဘွားရိပ်သာသို့ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် မြောင်းမြပြည်သူ့ဆေးရုံကြီးတွင် အင်အား ၂၅ ဦးက စုပေါင်းသွေးလှူဒါန်းခဲ့သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ရွှေ၊ ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးအုန်းသိန်း၊ အမှတ်(၈၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ညီညီအောင်၊ အကျဉ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဇင်မျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

၂၀၇



## ကလေးမြို့၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကလေး စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် (၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့နံနက်ပိုင်းက ကလေးခရိုင်/မြို့နယ်ရဲတပ်ဖွဲ့၊ အမှတ်(၁၀၈) ယာဉ်ထိန်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့(ကလေး)တို့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ နံပေါ်နန်းဦးစေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ကလေးခရိုင် ရဲတပ်ဖွဲ့မှူး ယာယီ ဒုတိယရဲမှူးကြီး ကြည်ဝင်းက ဦးစီး၍ အရာရှိ ၂၅ ဦး၊ အခြားအဆင့် ၄၀ နှင့် မိသားစုဝင် ၂၅ ဦး စုစုပေါင်း ၉၀ တို့က စေတီတော်ရင်ပြင်ပေါ်၌ တံမြက်စည်းလှဲခြင်း၊ စေတီပတ်ဝန်းကျင်တွင် ပေါင်းမြက်ချုံနွယ်နှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မောင်ကျော်(ပြန်/ဆက်)

## ပျော်ဘွယ်မြို့နယ်၌ စားသုံးဆီ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချ

**ပျော်ဘွယ် စက်တင်ဘာ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းအစီအစဉ်ဖြင့် ပျော်ဘွယ်မြို့နယ် ရွှေပြည်သာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ယနေ့နံနက်ပိုင်းက ဒေသခံပြည်သူများအား စားသုံးဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ရွှေပြည်သာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းအောင် ဦးဆောင်



စီမံ၍ ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား တစ်ပိဿာ ငွေကျပ် ၅၃၀၀ နှုန်းဖြင့် တစ်ဦးလျှင် ၅၀ ကျပ်သားစီကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ ၁၄၄

## မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် ဟောပြောပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူး၍ သင်္ဘောသားများအတွက် လစဉ်လေးကြိမ်ဟောပြောပွဲများ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၁၆ ရက်က ကျောက်တံတားမြို့နယ် (၃၇)လမ်းရှိ အဖွဲ့ချုပ်ရုံး၌ ကပ္ပတိန်စိုးလွင်က သင်္ဘောသားများနှင့် Safety Management System/Inspection အကြောင်း ဟောပြောပို့ချခဲ့သည်။

မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်သည် နိုင်ငံတကာအဆင့်အတန်းမီ အရည်အချင်းပြည့်ဝသည် မြန်မာပင်လယ်ကူးသင်္ဘောသားအလုပ်သမားဝန်ထမ်း မွေးထုတ်ပေးရေးနှင့် အလုပ်အကိုင်ရရှိရေးတို့အတွက် လိုအပ်သောကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ရေကြောင်းပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။ **မျိုးမင်းသူရ**

## မအူပင်မြို့နယ်၌ တလုပ်လှငါးလုပ်ငန်းစခန်းမှ (၁၉)ကြိမ်မြောက် ငါးမျိုးများစိုက်ထည့်

**မအူပင် စက်တင်ဘာ ၁၈**

မအူပင်မြို့နယ် မင်းဘောကျေးရွာအုပ်စု၊ ထန်းပင်ကွေ့(အနောက်) ကျေးရွာ မင်းဘောရေထိန်းတံခါးမှ ထန်းပင်ကွေ့(အနောက်) ကွင်းသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ခြင်းကို မအူပင်ခရိုင်စီမံအုပ်ရေးအဖွဲ့ဝင်(၂) ငါးမျိုးစိုက်ထည့်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်လှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ငါးမျိုးစိုက်ထည့်မှုကြီး ကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် ငါးမျိုးစိုက်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စီမံကိန်းဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မင်းဘောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများပါဝင်၍ တလုပ်လှငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီးကောင်ရေ သည ၁ ဒသမ ၇၅ သိန်း၊ ငါးမြစ်ချင်းကောင်ရေ သုံးသိန်း စုစုပေါင်းကောင်ရေ



၃ ဒသမ ၇၅ သိန်းအား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းသောရည်ရွယ်ချက်နဲ့ လျှပ်စစ်ထုတ်လုပ်ဖို့ နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ရေးမှာ ရုရှားက နည်းပညာနဲ့ ဆောက်လုပ်သွားမှာဖြစ်ပြီး တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ မြင်တွေ့ရတော့မှာဖြစ်ပါတယ်

ဦးမိုးဟိန်း (သူရိယနေဝန်း)

သတင်းအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ စက်တင်ဘာလ ၄ ရက်နေ့မှ ၁၁ ရက်နေ့အထိ သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ တက်ရောက်ပါဝင်ဆွေးနွေးခြင်း၊ ဗလာဒီဗော့စတော့ခ်မြို့၌ လေ့လာခြင်း၊ Republic of Buryatia ပြည်နယ် Ulan – Ude မြို့၌ လေ့လာခြင်း၊ Amur ပြည်နယ် Blagoveshchensk မြို့ရှိ Vostochny Cosmodrome အာကာသယာဉ် လွှတ်တင်ရေးစခန်းသို့ သွားရောက်လေ့လာခြင်း၊ Irkutsk မြို့၌ လေယာဉ်ထုတ်လုပ်ရေးစက်ရုံအပါအဝင် လှည့်လည်ကြည့်ရှုလေ့လာခြင်း စသည်ဖြင့် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိသည့် ခရီးစဉ်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

သို့ဖြစ်၍ အဆိုပါ ခရီးစဉ်နှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ရပါသည် –

(ယမန်နေ့မှ အဆက်)

**ဒေါက်တာနေဇင်လတ်**

နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရုရှားနိုင်ငံခရီးစဉ်နဲ့ပတ်သက်ပြီး ခြုံငုံပြောရမယ်ဆိုရင် အောင်မြင်ပြီး မှတ်တိုင်တစ်ခုဖြစ်စေတဲ့ ခရီးစဉ်လို့ ပြောရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စိန်ခေါ်မှုတွေ၊ တပ်မတော်ရဲ့ တာဝန်ကြီးမားမှုတွေ၊ လုံခြုံရေး၊ စီးပွားရေး၊ နိုင်ငံတကာဖိအား၊ အကြမ်းဖက်ကိစ္စတွေကို နိုင်ငံတကာသိအောင် သံရေးတမန်ရေး စကားလုံးတွေနဲ့ ချပြသွားနိုင်ခဲ့တယ်။ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံရဲ့ ဆက်ဆံရေးကို ထပ်ဆင့်တိုးတက်တည်ဆောက်နိုင်ခဲ့ပြီး အနာဂတ် ပူးပေါင်းတည်ဆောက်ရေးမှာ Comprehensive Cooperation ဆိုတဲ့ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးအထိ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနေနဲ့ တည်ဆောက်နိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုလို့ မြင်ပါတယ်။ နိုင်ငံအတွက် အကျိုးများတဲ့ ခရီးစဉ်တစ်ခုဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

**ဦးကျော်ကျော်လှိုင် ( SMART )**

**စာရေးဆရာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ ခရီးစဉ်အတွင်း (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်ကို တက်ရောက်မိန့်ခွန်းပြောကြား ဆွေးနွေးတယ်။ ရုရှားဖက်ဒရေရှင်းနိုင်ငံသမ္မတ H.E Vladimir Vladimirovich Putin နဲ့လည်း တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ တာဝန်ရှိသူတွေနဲ့ ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုတွေကို ဆောင်ရွက်နိုင်ခဲ့သလို Buryatia ပြည်နယ်၊ Irkutsk ပြည်နယ်အစိုးရအဖွဲ့တို့မှ အကြီးအကဲတွေနဲ့လည်း တွေ့ဆုံဆွေးနွေးနိုင်ခဲ့တဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

### အမြော်အမြင်ကြီးမားမှုကို ဖော်ပြနေ

အထူးသဖြင့် ဒီအောင်မြင်တဲ့ ခရီးစဉ်ဟာ ၂၀၂၃ ခုနှစ်မှာ ကျရောက်မယ့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက်ကိုလည်း များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံရဲ့ အနာဂတ်လျှပ်စစ်ကဏ္ဍအတွက် အလွန်အရေးပါတဲ့ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုနိုင်ရေးနဲ့ ပတ်သက်ပြီး Rosatom State Corporation အမှုဆောင်အရာရှိချုပ်နဲ့ တွေ့ဆုံဆွေးနိုင်ခဲ့သလို အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး ရုရှားနိုင်ငံပိုင်အာကာသကော်ပိုရေးရှင်း State Space Corporation “Roscosmos” ရဲ့ အထွေထွေညွှန်ကြားရေးမှူးချုပ်နဲ့လည်း ဆွေးနွေးခဲ့ပြီး သဘောတူညီမှုတွေရရှိအောင် ဆောင်ရွက်နိုင်ခဲ့တာက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ အမြော်အမြင် Vision ကြီးမားမှုကို ဖော်ပြနေပါတယ်။

အနာဂတ်မှာ အိမ်နီးချင်းအင်အားကြီးနိုင်ငံနှစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နဲ့လည်း ချစ်ကြည်ရင်းနှီးခင်မင်မှုတွေ ပိုမိုခိုင်မြဲအောင် တည်ဆောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ဦးမိုးဟိန်း**

**သူရိယနေဝန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ရဲ့အာဏာကို တာဝန်ယူပြီးနောက်ပိုင်း ဒါဟာ သုံးကြိမ်မြောက်သွားတာဖြစ်ပါတယ်။ အခုတတိယအကြိမ်က နိုင်ငံတော်ဝန်ကြီးချုပ်အတွက်ရော၊ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက်ရော အောင်ပွဲရခဲ့တာဖြစ်ပါတယ်။ ရေနံ၊ စက်သုံးဆီ၊ သဘာဝဓာတ်ငွေ့၊ သတ္တုတူးဖော်မှုစတဲ့ကဏ္ဍတွေ အပါအဝင် နိုင်ငံတော်အကျိုးစီးပွားအတွက်၊ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် သဘောတူစာချုပ်တွေ ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ရုရှားနိုင်ငံပိုင် Sputnik ရုပ်သံလိုင်းနဲ့ မြဝတီရုပ်သံလိုင်းတို့အကြား ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ပါတယ်။

စက်သုံးဆီပြတ်လပ်မှုဆိုတာက မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး ရင်ဆိုင်နေရတဲ့ အရေးကိစ္စဖြစ်ပါတယ်။ နိုင်ငံတော်အတွက် လိုအပ်နေတဲ့ စက်သုံးဆီကဏ္ဍအတွက်လည်း ရုရှားကနေ စက်သုံးဆီ၊ လောင်စာဆီတွေ တင်သွင်းနိုင်ဖို့ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒေသတွင်းနိုင်ငံတွေထဲမှာ မြန်မာအစိုးရက စက်သုံးဆီကဏ္ဍကို အကောင်းဆုံးဖြေရှင်းနိုင်တဲ့နိုင်ငံလို့တောင် ပြောလို့ရပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာဆိုရင် စက်သုံးဆီဈေးမြင့်တက်မှုကြောင့် အင်ဒိုနီးရှားပြည်သူတွေ ဆန္ဒပြနေကြပါတယ်။ အင်ဒိုနီးရှားဆိုတာ ရေနံထုတ်လုပ်တဲ့နိုင်ငံဖြစ်ပါတယ်။ ဒီလိုနိုင်ငံမှာတောင် စက်သုံးဆီဈေးနှုန်း မြင့်တက်နေတယ်ဆိုတော့ မြန်မာနိုင်ငံမှာ စက်သုံးဆီဈေးနှုန်းမြင့်တက်တယ်ဆိုတာ ဆန်းကြယ်တယ်လို့ ဆိုလို့မရပါဘူး။

သို့သော် ဒီကိစ္စကို ပြေလည်ဖို့၊ စက်သုံးဆီကို နည်းလမ်းမျိုးစုံနဲ့ တင်သွင်းဖို့ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်တွေက ကြိုးပမ်းနေပြီဖြစ်ပါတယ်။ ဒီတော့ ပြည်သူတွေရင်ဆိုင်နေရတဲ့ စက်သုံးဆီဈေးနှုန်းမြင့်တက်မှုတွေကို အနေးနဲ့အမြန် ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

နောက်ပြီး ဆေးသိပ္ပံပညာနဲ့ပတ်သက်ပြီး အဆင့်မြင့်မဟာဘွဲ့၊ ဆရာဝန်တွေ၊ ဆေးကျောင်းသားတွေကို ရုရှားမှာရှိတဲ့ ဆေးတက္ကသိုလ်တွေကို ပညာတော်သင်စေလွှတ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အာကာသသိပ္ပံနည်းပညာနဲ့ပတ်သက်ပြီး ပညာတော်သင်စေလွှတ်နိုင်ဖို့၊ မြန်မာအာကာသယာဉ်မှူးတွေ မကြာခင် မြန်မာ့အလံကိုကိုင်ပြီး အာကာသထဲမှာ ခြေချနိုင်ဖို့ ရောင်နီသန်းလာပြီဖြစ်ပါတယ်။

### နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး

ငြိမ်းချမ်းသောရည်ရွယ်ချက်နဲ့ လျှပ်စစ်ထုတ်လုပ်ဖို့ နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ရေးမှာ ရုရှားက နည်းပညာနဲ့ ဆောက်လုပ်သွားမှာဖြစ်ပြီး တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ မြင်တွေ့ရတော့မှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ရုရှားနိုင်ငံရဲ့ အကူအညီနဲ့ ဖြည့်စွမ်းနိုင်တော့မှာဖြစ်ပါတယ်။ ဒါလည်း ဝမ်းသာစရာဖြစ်ပါတယ်။

နောက်ပြီး စားနပ်ရိက္ခာနဲ့ပတ်သက်ရင် မြန်မာနိုင်ငံလယ်ယာကဏ္ဍကထွက်တဲ့ သီးနှံတွေကို ရုရှားနိုင်ငံက ဝယ်ယူမှာဖြစ်ပြီး စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အဆင့်မြင့်နည်းပညာတွေကို ရုရှားက ကူညီပေးသွားမှာဖြစ်ပါတယ်။ အခြားကဏ္ဍတွေမှာလည်း ရုရှားနိုင်ငံက ပညာရှင်တွေ၊ အင်ဂျင်နီယာနဲ့ သိပ္ပံပညာရှင်တွေ လာရောက်ပြီး အသိပညာတွေ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ တစ်ခါမှ မကြားဖူးတဲ့ အာကာသထဲကို မြန်မာအာကာသယာဉ်မှူးတွေ ခြေချနိုင်တော့မယ့် အခွင့်အရေးတွေ၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မယ့် နျူကလီးယားဓာတ်ပေါင်းဖိုလို ပေါ်ပေါက်လာတော့မယ်ဆိုတာတွေ၊ ဒီလိုအိပ်မက်တောင် တစ်ခါမှမမြင်မက်ခဲ့ဖူးတာတွေက မကြာခင်မြင်တွေ့ရတော့မယ်ဆိုတော့ ဒီစွမ်းဆောင်ချက်က နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ နိုင်ငံရေးစွမ်းရည်၊ သံတမန်စွမ်းရည်၊ နိုင်ငံတကာဆက်ဆံရေးစွမ်းရည်ပါရှိတယ်ဆိုတာကို ပြသနိုင်ခဲ့တာဖြစ်ပါတယ်။

အရာရာမှာ ခေတ်နောက်ကျကျန်နေတဲ့ မြန်မာနိုင်ငံရဲ့ ဘက်စုံလိုအပ်ချက်တွေ၊ လျှပ်စစ်၊ စွမ်းအင်စတဲ့ အခက်အခဲတွေကိုတစ်ကမ္ဘာလုံး ရင်ဆိုင်နေရတဲ့ အချိန်မှာတောင် နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က ပြည်သူတွေရဲ့ အခက်အခဲကို ပြေလည်အောင် ကျားကုတ်ကျားခဲ ကြိုးပမ်းဆောင်ရွက်ခဲ့တယ်ဆိုတာ ပေါ်လွင်ထင်ရှားတဲ့အတွက် ကျွန်တော်ကတော့ အထူးကျေးဇူးတင်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ အခြေအနေနဲ့ အခွင့်အလမ်းကို အမိအရဆုပ်ကိုင်ပြီး တိုင်းပြည်နဲ့ မြန်မာလူထုအတွက်ကို ဒီလို စွမ်းဆောင်နိုင်ခဲ့တာ အလွန်ဂုဏ်ယူပါတယ်။ မကြာခင်မှာ မြန်မာနိုင်ငံရဲ့ အခက်အခဲတွေအားလုံးကို ကျော်ဖြတ်နိုင်တော့မယ်။ ဒါကြောင့် ဒီခရီးက အင်မတန်ဂုဏ်ယူဖို့ကောင်းတယ်လို့ ပြောကြားလိုပါတယ်။

**ဦးအောင်မင်း**

**စာတည်းမှူးချုပ် MHT News**

ကျွန်တော်တို့နိုင်ငံက ၁၉၈၈ ခုနှစ်နောက်ပိုင်းကတည်းက အထီးကျန်ဆန်ခဲ့ရတယ်။ ဒါကလည်း နိုင်ငံရေးအခြေအနေကြောင့် မဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို မြန်မာ့နိုင်ငံရေးထဲ သွတ်သွင်းချင်တာနဲ့ ကျွန်တော်တို့ တိုင်းပြည်က ပြန်ပေးဆွဲခံရသလို ဖြစ်ခဲ့ရတယ်။ တစ်ဖက်ကလည်း ၁၉၈၈ ခုနှစ်နောက်ပိုင်းကနေ ဒီနေ့အချိန်အထိ တိုင်းပြည်ကို တာဝန်ယူခဲ့တဲ့ တပ်မတော်ခေါင်းဆောင်တွေက ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ တိုင်းပြည်တိုးတက်အောင် ကြိုးစားခဲ့ကြတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထက်က တရုတ်နိုင်ငံနဲ့ ရင်းနှီးတဲ့ သံတမန်ဆက်ဆံရေးကို ထူထောင်ဖို့ ကြိုးစားခဲ့တယ်။ သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ အနောက်အုပ်စုတွေနဲ့ အဆင်ပြေတယ်။ စီးပွားရေးပိတ်ဆို့မှုတွေကို ကျော်လွှားနိုင်တယ်။ ဒေါ်အောင်ဆန်းစုကြည် လက်ထက်ရောက်တော့ ဒီလို သံတမန်ဆက်ဆံရေးတွေက ပိုပြီးကောင်းလာတယ်။

ဒါပေမယ့် မြန်မာနိုင်ငံပြည်တွင်းရေးမှာ ဥပဒေအရ ဒေါ်အောင်ဆန်းစုကြည်ကို အရေးယူလိုက်ပြီးတဲ့နောက်မှာ ကျွန်တော်တို့နိုင်ငံကို Isolate ပြန်လုပ်လိုက်တယ်။ ဒီလိုလုပ်လိုက်တဲ့အပြင် ကိုဗစ်နဲ့ ပတ်သက်တဲ့ ရိုက်ခတ်မှုတွေက ကမ္ဘာတစ်ဝန်း အခက်အခဲတွေ ရှိနေချိန်မှာ ကျွန်တော်တို့ တိုင်းပြည်က မိအေးနှစ်ခါနာဆိုသလို ကိုဗစ်ဒဏ်လည်း ခံရတယ်၊ နိုင်ငံရေးနဲ့ပတ်သက်ပြီးတော့လည်း ပိတ်ဆို့မှုကို ခံရတယ်။

ဒီလိုအခြေအနေမျိုးမှာ မြန်မာနိုင်ငံကို တာဝန်ယူထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ အရင်တုန်းကတည်းကရှိခဲ့တဲ့ ရုရှားနိုင်ငံနဲ့ဆက်ဆံရေးကို ပိုပြီးခိုင်မြဲအောင်၊ ပိုပြီးရှေ့ရောက်အောင် လုပ်နိုင်တယ်ဆိုတာ ကျွန်တော်တို့ တိုင်းပြည်အတွက် ကံကောင်းတယ်လို့လည်း ပြောလို့ရတယ်။

### အကျိုးရှိတဲ့ခရီးစဉ်

နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားနိုင်ငံကိုသွားတာ သုံးခေါက်မြောက်ဖြစ်ပါတယ်။ ဒုတိယအကြိမ်တုန်းက ဝန်ကြီးဌာနအတော်များများက တကယ့်အလုပ်လုပ်နိုင်တဲ့ ဝန်ကြီးတွေကိုလည်း ခေါ်သွားခဲ့နိုင်ပြီး ရုရှားနိုင်ငံရဲ့ သက်ဆိုင်ရာကဏ္ဍတွေက အဆင့်မြင့်အရာရှိကြီးတွေနဲ့ တွေ့ဆုံနိုင်ခဲ့တယ်။ ကျွန်တော်တို့ တိုင်းပြည်အတွက် အကျိုးရှိမယ့် ကိစ္စရပ်တွေကို ဆွေးနွေးနိုင်ခဲ့တယ်။ ဒီလိုလက်ငင်းအကျိုးရအောင် အနာဂတ်အတွက်လည်း ဖောင်ဒေးရှင်းချပေးနိုင်ခဲ့တာဖြစ်လို့ အကျိုးရှိတဲ့ ခရီးစဉ်လို့ ပြောရမှာဖြစ်ပါတယ်။

အနုမြူစွမ်းအင်နဲ့ ဆေးဝါးထုတ်လုပ်တာ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်တယ်ဆိုတာ ကျွန်တော်တို့က စာထဲမှာပဲ ဖတ်ဖူးတာပါ။ ကျွန်တော်တို့ နိုင်ငံအတွက် ကြိုးစားနေတာတော့ သိတယ်။ လက်တွေ့အကောင်အထည်ဖော်ဖို့ မလွယ်တဲ့အခြေအနေမျိုးမှာ ဒီလို စာချုပ်တွေ ချုပ်ဆိုနိုင်ခဲ့တယ်ဆိုတာ ဒီခရီးစဉ်ရဲ့ အောင်မြင်မှုလို့လည်း ပြောလို့ရပါတယ်။

တစ်ကမ္ဘာလုံးမှာ စီးပွားပျက်ကပ်တွေဖြစ်နေတယ်။ အဓိကအားဖြင့် လောင်စာနဲ့ပတ်သက်လို့ တစ်ကမ္ဘာလုံးက ခြိမ်းခြောက်ခံနေရတဲ့အချိန်မျိုးမှာ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို လောင်စာဆီနဲ့ ပတ်သက်ပြီး ကူညီပေးမယ်၊ ရောင်းချပေးမယ်လို့ ဒီခရီးစဉ်မှာ ခိုင်မာတဲ့ ကတိထပ်ပြီးပေးတယ်ဆိုတော့ ဒါဟာဒီခရီးစဉ်ရဲ့ အကျိုးရလဒ်ဖြစ်ပါတယ်။

နောက်ပြီး ရုရှားနိုင်ငံက စိုက်ပျိုးရေးနိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုးရေးထုတ်ကုန်တွေ ထုတ်သလို စိုက်ပျိုးရေးအထောက်အကူပြုပစ္စည်းတွေလည်း ထုတ်တယ်။ နည်းပညာတွေ ကြွယ်ဝတယ်။ နည်းပညာတွေ အကူအညီပေးဖို့ သဘောတူစာချုပ်တွေ ချုပ်ဆိုနိုင်ခဲ့တယ်ဆိုတော့ ဒီတစ်ခေါက်ခရီးစဉ်က ကျွန်တော်တို့နိုင်ငံအတွက် အများကြီး အကျိုးရှိပါတယ်။ ရုရှားသမ္မတနဲ့သီးသန့်တွေ့ဆုံနိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်ချက်တွေ ပြောခွင့်ရမယ်။ မြန်မာနဲ့ရုရှားရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မယ့် ကိစ္စရပ်တွေကို ဆွေးနွေးခွင့်ရမယ်။ ဒါကြောင့် ဒီခရီးစဉ်က မြန်မာနိုင်ငံအတွက် လက်ငင်းရော ရေရှည်အတွက်ပါ အကျိုးကျေးဇူးများစွာရရှိတယ်လို့ ပြောကြားလိုပါတယ်။

# မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာစာပေပညာရှင် ဆရာကြီး စည်သူအလင်္ကာကျော်စွာ ဒေါက်တာခင်မောင်ညွန့် (၁၉၂၉-၂၀၂၂)

## စာပေဗိမာန်

မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုစာပေများကို အစဉ်တစိုက်လေ့လာ သုတေသနပြုရေးသားခဲ့သူ၊ မြန်မာ့သမိုင်းကို ကမ္ဘာကသိအောင် ထုတ်ဖော်ပြသနိုင်ခဲ့သူ မြန်မာ့သမိုင်းပညာရှင် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးဒေါက်တာခင်မောင်ညွန့်သည် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ကွယ်လွန်ချိန်တွင် ဆရာကြီးသည် အသက် ၉၃ နှစ်အရွယ်ရှိပြီဖြစ်ပါသည်။

ဆရာကြီးဒေါက်တာခင်မောင်ညွန့်ကို ၁၉၂၉ ခုနှစ် မေလ ၁၃ ရက်တွင် မန္တလေးမြို့ ချမ်းအေးသာစံရပ်၌ အဖ ဦးသိန်း၊ အမိ ဒေါ်ကြည်တို့က ဖွားမြင်သည်။ မန္တလေးမြို့ သံတဲကျောင်းတွင် ၁၉၃၅ ခုနှစ်မှ စတင်ကာ မူလတန်းနှင့် အလယ်တန်းပညာတို့ကို သင်ယူခဲ့သည်။ စစ်အတွင်းကာလတွင် ပညာသင်ယူခြင်းကို ခေတ္တရပ်ဆိုင်းခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် မန္တလေးမြို့ စိန့်ပီတာအင်္ဂလိပ်သာသနာပြုကျောင်းတွင် ပညာဆက်လက်သင်ယူခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့သည်။ မန္တလေးကောလိပ်၊ ဥပစာအထက်တန်းတွင် မြန်မာစာဆုနှင့် ဝိဇ္ဇာနောက်ဆုံးနှစ်တွင် သမိုင်းဘာသာ ရွှေတံဆိပ်ဆုတို့ကို ရရှိခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ ၁၉၅၄ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့နှင့် ၁၉၅၅ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့တို့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။

ဆရာကြီးသည် ရန်ကုန်တက္ကသိုလ် အနောက်တိုင်းသမိုင်းနှင့် နိုင်ငံရေးသိပ္ပံဌာနတွင် ၁၉၅၂ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ နည်းပြဆရာနှင့် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်လျက်မှပင် ဝိဇ္ဇာဂုဏ်ထူးနှင့် မဟာဝိဇ္ဇာဘွဲ့တို့ကို ရယူခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးချယ်ခံရ၍ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ လန်ဒန်စီးပွားရေးနှင့် နိုင်ငံရေးတက္ကသိုလ်သို့ ဘွဲ့လွန်ပညာဆည်းပူးရန် သွားရောက်ခဲ့ကာ နိုင်ငံတကာဆက်ဆံရေးပညာရပ်ဖြင့် ၁၉၆၀ ပြည့်နှစ်တွင် ဒေါက်တာဘွဲ့ကို ရရှိခဲ့သည်။

ဆရာကြီးသည် ရန်ကုန်တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ လုပ်သားများကောလိပ်၊ ပညာရေးတက္ကသိုလ်တို့တွင် ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၅ ခုနှစ်အထိ ဌာနမှူး၊ ကထိကအဖြစ် တာဝန်ထမ်းဆောင်ရင်း ကျောင်းသုံးသမိုင်းစာအုပ်များ ပြုစုခြင်း၊ တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံဆိုင်ရာ စာအုပ်များ ရေးသားခြင်းတို့ ဆောင်ရွက်ခဲ့သည်။

၁၉၇၆ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန သမိုင်းသုတေသနဦးစီးဌာနနှင့် ရှေးဟောင်းသုတေသနဦးစီးဌာနတို့တွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မြန်မာသမိုင်းအဖွဲ့နှင့် တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် တာဝန်ကို ပူးတွဲတာဝန်အဖြစ်လည်းကောင်း၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ မန္တလေးတက္ကသိုလ် သမိုင်းဌာနနှင့် နိုင်ငံတကာဆက်ဆံရေးဌာနများတွင် ပါမောက္ခအဖြစ်လည်းကောင်း၊ ၁၉၈၇ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သည်။

မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သမိုင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် နိုင်ငံတကာရေးရာဆိုင်ရာ ဟောပြောသင်ကြားပို့ချခြင်း၊ စာတမ်းဖတ်ခြင်း၊ သုတေသနပြုခြင်းတို့ကို ပြည်တွင်းပြည်ပတို့တွင် ဆောင်ရွက်ခဲ့သည်။ နိုင်ငံပေါင်း ၆၀ ကျော်သို့ သွားရောက်၍ ညီလာခံများတက်ရောက်ခြင်း၊ စာတမ်းဖတ်ကြားခြင်းများ ပြုလုပ်ခဲ့သည်။

ဆရာကြီးသည် အငြိမ်းစားယူပြီးနောက် ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ မြန်မာ့သမိုင်းဖြစ်ရပ်အမှန်ပြုစုရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မြန်မာ့သမိုင်းကော်မရှင်အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၁၉၈၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ် လည်းကောင်း တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဆရာကြီးသည် မကွယ်လွန်မီအချိန်အထိ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၏ တက္ကသိုလ်ကောင်စီဝင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသမိုင်းပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်သမိုင်းဌာနတွင် အငြိမ်းစားပါမောက္ခ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာကျွမ်းကျင်သင်တန်းတွင် သင်တန်းနည်းပြ စသည့် တာဝန်များကို ထမ်းဆောင်ရင်း မျိုးဆက်သစ်လူငယ်များအတွက် စာတမ်းများ ဖတ်ကြားခြင်း၊ အင်္ဂလိပ်စာနှင့်ရှေးဟောင်းသုတေသနဆိုင်ရာ သင်တန်းများ ပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် သမိုင်းပညာ၊ ယဉ်ကျေးမှုပညာနှင့် ရှေးဟောင်း သုတေသနပညာရပ်များအကြောင်းကို အသံလွှင့်ဟောပြောခဲ့ပြီး Myanmar Perspectives နှင့် Internet Magazine တို့တွင် စာတည်းမှူးချုပ်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။



ဆရာကြီး ဒေါက်တာခင်မောင်ညွန့်

ဆရာကြီးသည် ငယ်စဉ်ကပင် စာပေ၌ မွေ့လျော်ကာ ကျောင်းသားဘဝတွင် နံရံကပ်စာစောင်များ ရေးသားခြင်း၊ တက္ကသိုလ်ဆရာဘဝတွင် စာတမ်းများ ပြုစုခြင်း၊ နှစ်ပတ်လည်မဂ္ဂဇင်းများနှင့် စာနယ်ဇင်းများတွင် ဆောင်းပါးများ ရေးသားခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ဆောင်းပါးပေါင်း ၂၀၀၀ ကျော်နှင့် စာအုပ်ပေါင်း ၁၀၀ နီးပါး ရေးသားခဲ့သည်။ ဆရာကြီး၏ ကလောင်ခွဲများမှာ ရွှေမန်းမောင်၊ မောင်ကျော်ဇော၊ မောင်လူဇော်၊ ငွေခြည်နှင့် Moon Beam တို့ဖြစ်သည်။

ဆရာကြီးသည် အင်္ဂလိပ်ဘာသာဖြင့် စာပေများ ရေးသားခဲ့သည်။ ပြုစုထုတ်ဝေခဲ့သည့် စာအုပ်များအနက် ထင်ရှားသောစာအုပ်များမှာ "ကျွန်တော်မစ္စတာဘားမား" (၁၉၈၆)၊ "The Seventh Myanmar Traditional Cultural Regatta Festival" (1996) ၊ "An Outline History of Myanmar Literature" (1999) ၊ "Sule Pagoda – Kyaik Athok Ceti" (2000) ၊ "An Anthology of Conference Papers"(2002–2003) ၊ "Selected Writings" (2004) ၊ "Radio Talks on Myanmar Culture" (2006) ၊ "Myanmar Traditional Monthly Festivals" (2005) ၊ "Myanmar Gems" (2008) ၊ "Myanmar Superlatives" (2012) နှင့် "The Historic Bells of Yangon" (2016) တို့ဖြစ်ကြသည်။

ဆရာကြီးသည် လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်-၁၉၉၂)၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်-၂၀၀၁)၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်-၂၀၀၃)၊ ဆရာဝန်တင်ရွှေစာပေဆု(၂၀၀၅)၊ မဟာသဒ္ဓမ္မဇောတိက ဓဇဘွဲ့(၂၀၀၆)၊ သုတစွယ်စုံတစ်သက်တာစာပေဆု(၂၀၀၇)၊ အမျိုးသားစာပေတစ်သက်တာဆု (၂၀၀၉)၊ ဆရာဝန်တင်ရွှေစာပေဆု (၂၀၁၂)၊ စည်သူဘွဲ့ (၂၀၁၂)၊ အမျိုးသားစာပေဆု (၂၀၁၆)၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်-၂၀၂၁)၊ ပညာတန်ဆောင်ထပ်ဆင့်ဂုဏ်ပြုဆု (၂၀၂၁) နှင့် အလင်္ကာကျော်စွာဘွဲ့ (၂၀၂၂) တို့ကို ရရှိခဲ့သည်။

ဆရာကြီးသည် စာသင်ခြင်းနှင့် စာပေရေးသားခြင်းတို့ကို ခုံမင်နှစ်သက်သူ ဖြစ်သည့်အလျောက် အသက် ၉၃ နှစ်ရှိသည့်တိုင် စာဖတ်သူများအတွက် တန်ဖိုးမဖြတ်နိုင်သည့် စာပေများရေးသားခြင်းနှင့် သုတေသနပြုခြင်း၊ ဟောပြောပို့ချခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဆရာကြီးသည် စာပေတာဝန်ကျေပွန်သူဖြစ်ပြီး စာပေဗိမာန်၏ မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း နှစ်ပေါင်းများစွာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၆ ရက်တွင် ကျရောက်ခဲ့သည့် စာပေဗိမာန်၏ ၇၅ နှစ်ပြည့် စိန်ရတုအခမ်းအနားသို့လည်း သက်ကြီးစာပေပညာရှင် တစ်ဦးအဖြစ် တက်ရောက် ချီးမြှင့်ပေးခဲ့သည်။

ဆရာကြီး စည်သူအလင်္ကာကျော်စွာဒေါက်တာခင်မောင်ညွန့်သည် ဇနီးဒေါ်လှလှခင်၊ သားသမီး ငါးယောက်၊ မြေး လေးယောက်တို့နှင့်အတူ အမှတ် (၄၉၉/x) မိုးမခလမ်း ဗိုလ်ချို (၂) ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့တွင် နေထိုင်လျက် ကွယ်လွန်ခဲ့ကြောင်း သိရှိရပါသည်။

ဆရာကြီး ကွယ်လွန်ခြင်းသည် မြန်မာ့သမိုင်းနှင့် မြန်မာစာပေလောကအတွက် အစားထိုးမရနိုင်သည့် ဆုံးရှုံးမှုကြီးဖြစ်ပါသည်။ ဆရာကြီး ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

**ကိုးကားသည့် စာအုပ်စာရင်း**


၁။ အမျိုးသားစာပေတစ်သက်တာစာပေပညာရှင်များ၏ စာပေနှင့် ဘဝအကြောင်း တစေ့တစောင်း (၂၀၀၁-၂၀၀၃)၊ စာပေဗိမာန်၊ ၂၀၂၁

၂။ Department of Archaeology and National Museum ၏ Facebook စာမျက်နှာ




(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးလွင်၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဇော်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးကျော်မင်းစိုးတို့ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့ဝင်များက မအူပင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စက်တင်ဘာ ၁၇ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒလမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး(ယာယီ)ရဲမှူးစိုးဝင်း၏ စီမံကွပ်ကဲမှုဖြင့် ဒလမြို့မရဲစခန်းမှူးဒုတိယရဲမှူး အောင်မြတ်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၅၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မောင်မျိုးနှင့်တပ်ဖွဲ့ဝင်များ၊ ၎င်းတို့၏မိသားစုဝင်များက ဒုတိယအကြိမ် အလက(၂) အထက်တန်းကျောင်းခွဲတွင် စက်တင်ဘာ ၁၇ ရက်က စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ သျှင်ဝင်းသျှင်



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေလွင်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်တို့ ဦးစီးလျက် ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင် စုစုပေါင်း အင်အား ၇၅ ဦးတို့က စက်တင်ဘာ ၁၈ ရက်တွင် အမှတ်(၇) အခြေခံပညာမူလတန်းလွန်ကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မင်းလွင်ဦး(ပြန်/ဆက်)

# ကာကွယ်ခြင်းသည်သာအခရာ ဆေးထိုးနှံကြပါ

ပေါက်ပေါက်



၂၀၁၉ ခုနှစ် ဒီဇင်ဘာလ၌ စတင်တွေ့ရှိခဲ့သော ကိုဗစ်-၁၉ ကူးစက်ရောဂါသည် နှစ်နှစ်ခွဲကျော်ကြာလာခဲ့ချိန်တွင် ဗီဇပြောင်းလဲမှုများစွာ တွေ့နေရသည်။ အဆိုပါ ဗီဇပြောင်းမျိုးကွဲများအနက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ထားသည့် အထူးသတိပြုစောင့်ကြည့်ရမည့် မျိုးကွဲများမှာ-

**ဒယ်လ်တာ** - ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အိန္ဒိယနိုင်ငံ၌ စတင်တွေ့ရှိခဲ့ပြီး ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုများသော မျိုးကွဲဖြစ်သည်။

**အိုမီခရွန် BA.1** - ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် တောင်အာဖရိက၌ စတင်တွေ့ရှိခဲ့ပြီး ရောဂါပြန့်ပွားမှု များပြားကာ ပြင်းထန်မှု အသင့်အတင့်သာရှိသော မျိုးကွဲဖြစ်သည်။

**အိုမီခရွန် BA.2** - ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် တောင်အာဖရိက၌ စတင်တွေ့ရှိခဲ့ပြီး ရောဂါပြန့်ပွားမှု များပြားကာ ပြင်းထန်မှု အသင့်အတင့်သာရှိသော မျိုးကွဲဖြစ်သည်။

**အိုမီခရွန် BA.4 နှင့် BA.5** - ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် အိုမီခရွန်မျိုးကွဲ BA.4 နှင့် BA.5 နှစ်ခုကို တောင်အာဖရိက၌ စတင်တွေ့ရှိခဲ့ပြီး ကမ္ဘာတစ်ဝန်း တစ်ကျော့ပြန် ကိုဗစ်ဖြစ်စေသော မျိုးကွဲများဖြစ်သည်။ အဆိုပါ အိုမီခရွန်မျိုးကွဲတို့သည် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းနှင့် တုပ်ကွေးဖြစ်ပွားခြင်းကဲ့သို့ အခြားသော ဗီဇပြောင်းအိုမီခရွန်မျိုးကွဲများ၏ လက္ခဏာနှင့် ဆင်တူသည်။

**တစ်ကျော့ပြန် ကိုဗစ်စတုတ္ထလှိုင်းအသစ်**

မြန်မာနိုင်ငံအတွင်း ရောဂါပိုးတွေ့လူနာသစ်ဦးရေ ရာခိုင်နှုန်းသည် ဇူလိုင်လပထမပတ်မှစ၍ တစ်နေ့တခြား မြင့်တက်လာခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ဇူလိုင်လ ၁၁ ရက်နေ့ ထုတ်ပြန်ချက်သတင်းအရ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ခွဲခြမ်းစိတ်ဖြာ နမူနာများကို ဆေးသုတေသနဦးစီးဌာန (Department of Medical Research) တွင် ၃၀-၆-၂၀၂၂ ရက်နေ့က ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးဗီဇပြောင်းရောဂါပိုး BA.4 ကို ခွဲခြမ်းစိတ်ဖြာနမူနာတစ်ခုတွင် လည်းကောင်း၊ BA.5 ကို ခွဲခြမ်းစိတ်ဖြာနမူနာ ငါးခုတွင် လည်းကောင်း တွေ့ရှိရကြောင်း၊ အဆိုပါတွေ့ရှိထားသူအားလုံးသည် ပြည်ပမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများ ဖြစ်ကြောင်းနှင့် ဇူလိုင်လ ၁၁ ရက်နေ့က ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာသစ် ၁၅ ဦးတွေ့ရှိထားပြီး ရောဂါပိုးတွေ့ရှိမှုမှာ သုည ဒသမ ၂၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထိုအချိန်မှစ၍ ပြည်တွင်းကူးစက်မှု တရိပ်ရိပ်မြင့်တက်လာခဲ့ပါသည်။ တတိယလှိုင်းအပြီး လေးလကျော်ကြာမြင့်သည်အထိ ကိုဗစ်ကြောင့် အသေအပျောက် လုံးဝမရှိခဲ့ရာမှ ဩဂုတ်လရောက်သည့်အခါ စတုတ္ထလှိုင်းအသွင်ဖြင့် လေးဦးသေဆုံးခဲ့သည်။ စက်တင်ဘာလတွင်လည်း အသေအပျောက်ဦးရေ တိုးလျက်ရှိနေပါသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါ ကူးစက်ပျံ့နှံ့မှု အတက်အကျကိုလိုက်၍ လှိုင်းများသတ်မှတ်ထားရာ ပထမလှိုင်း ၂၃-၅-၂၀၂၀ မှ ၁၄-၈-၂၀၂၀ ရက်နေ့အထိတွင် ပိုးတွေ့သူ ၁၆၀၀ ၌ သေဆုံးသူခြောက်ဦး၊ ဒုတိယလှိုင်း ၁၅-၈-၂၀၂၀ မှ ၂၄-၅-၂၀၂၁ ရက်နေ့အထိတွင် ပိုးတွေ့သူ ၁၄၁၇၀၈ ဦး၌ သေဆုံးသူ ၃၂၁၀၊ တတိယလှိုင်း ၂၅-၅-၂၀၂၁ မှ ၂၇-၁-၂၀၂၂ ရက်နေ့အထိတွင် ပိုးတွေ့ သူ ၃၉၁၃၆၃ ဦး၌ သေဆုံးသူ ၁၆၀၉၅ ဦးဖြင့် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ ယခုစတုတ္ထလှိုင်းသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းမှစတင်ကာ ပိုးတွေ့နှုန်း ပြန်လည်မြင့်တက်လာခြင်းဖြစ်ပြီး ရောဂါကြောင့် သေဆုံးသူမှာလည်း စက်တင်ဘာလလယ်အထိ ရက်အနည်းငယ်အတွင်း ၁၀ ဦးထက်မနည်း ရှိလာပါသည်။

လက်ရှိ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုအခြေအနေသည် အာဆီယံနိုင်ငံများတွင် အဆင့် ခုနစ်နေရာရှိပြီး ကမ္ဘာ့နိုင်ငံများအလိုက် ဖြစ်ပွားမှုစာရင်းတွင် အဆင့် ၈၄ နေရာတွင်ရှိကြောင်း သိရသည်။

**ကာကွယ်ခြင်းသည်သာ အခရာ**

မြန်မာပြည်တစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ (၁၂) နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒုတိယအကြိမ် ထိုးနှံပြီးသူများကိုလည်း ခြောက်လအကြာတွင် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးနေပြီး စတုတ္ထအကြိမ် အပိုဆောင်းကာကွယ်ဆေးများကိုလည်း ထိုးနှံပေးလျက်ရှိသည်။ ကာကွယ်ဆေးထိုးနှံခြင်းသည် ရောဂါမဖြစ်အောင် တစ်ခုတည်းသော ကြိုတင်ကာကွယ်နည်းဖြစ်ရာ အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် မပျက်မကွက် သွားရောက်ထိုးနှံကြရန် လိုအပ်ပါသည်။

**ကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးသက်ရောက်မှု**

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ မြန်မာပြည်တစ်ဝန်း ကာကွယ်ဆေးထိုးနှံခြင်း အခြေအနေတို့ကို အောက်ပါအတိုင်း အပိုင်းသုံးပိုင်းခွဲ၍ လေ့လာသိရှိရပါသည်။

**(က) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးမှု အခြေအနေ**

မြန်မာနိုင်ငံတွင် ၁၃-၉-၂၀၂၂ ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေ စုစုပေါင်းမှာ ၃၀၄၆၁၀၆၃ ဦး ဖြစ်ပြီး အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်းမှာ ၆၅၁၅၅၂၂ ဦး ဖြစ်ပါသည်။

**(ခ) ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေ**

မြန်မာနိုင်ငံတွင် ၂၈-၁-၂၀၂၂ ရက်နေ့မှ ၇-၉-၂၀၂၂ ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ခွဲခြမ်းအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ရောဂါဖြစ်ပွားသူ၏ ၈၀ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိဘဲ ၁၅ ဒသမ ၉ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံထားပြီး လေးရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိ၍ သုည ဒသမ ၁ ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**(ဂ) ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေ**

မြန်မာနိုင်ငံတွင် ၂၈-၁-၂၀၂၂ ရက်နေ့မှ ၇-၉-၂၀၂၂ ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ရောဂါဖြစ်ပွားသူများ၏ ၈၄ ဒသမ ၁ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများဖြစ်ပြီး သေဆုံးသူများ၏ ၁၄ ဒသမ ၄ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကာ သေဆုံးသူများ၏ ၁ ဒသမ ၅ ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

> **✻ မြန်မာနိုင်ငံတွင် ၂၈-၁-၂၀၂၂ ရက်နေ့မှ ၇-၉-၂၀၂၂ ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ခွဲခြမ်းအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ရောဂါဖြစ်ပွားသူ၏ ၈၀ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိဘဲ ၁၅ ဒသမ ၉ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံထားပြီး လေးရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိ၍ သုည ဒသမ ၁ ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရ**
>
> **✻ အရင်းစစ်သော် ကာကွယ်ဆေးမပျက်မကွက် ထိုးနှံခြင်းနှင့် ထပ်ဆောင်းထိုးနှံခြင်းသည် ကိုဗစ်ကပ်ရောဂါကိုခုခံရာ၌ အသက်အန္တရာယ် အနည်းဆုံးဖြစ်ကြောင်း ဖော်ပြနေ**

အရင်းစစ်သော် ကာကွယ်ဆေးမပျက်မကွက် ထိုးနှံခြင်းနှင့် ထပ်ဆောင်းထိုးနှံခြင်းသည် ကိုဗစ်ကပ်ရောဂါကိုခုခံရာ၌ အသက်အန္တရာယ် အနည်းဆုံးဖြစ်ကြောင်း ဖော်ပြနေပါသည်။ ထို့ကြောင့် အများပြည်သူများအနေဖြင့် ကာကွယ်ဆေးများ မပျက်မကွက် ထိုးနှံထားသင့်ပါသည်။

၂၀၁၉ ခုနှစ် နှောင်းပိုင်းတွင် တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကို ပထမဆုံးတွေ့ရှိခဲ့ပြီးအချိန်မှစ၍ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၄ ရက်အထိ ကမ္ဘာတစ်ဝန်း၌ လူဦးရေစုစုပေါင်း ၆၁၄ သန်းကျော် ရောဂါပိုးကူးစက်ခံရပြီး သေဆုံးသူပေါင်းမှာ ခြောက်သန်းခွဲကျော်ရှိခဲ့ပြီဖြစ်ကြောင်း Worldometer က ထုတ်ပြန်ထားသည်။ သို့သော် ၂၀၂၀ -၂၀၂၁ ခုနှစ်အတွင်းမှာပင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်ကပ်ရောဂါကြောင့် အမှန်တကယ် သေဆုံးသူပေါင်း ၁၅ သန်းနီးပါးရှိနိုင်ကြောင်း၊ ယခုနှစ်အတွင်းမှာပင် သေဆုံးသူ တစ်သန်းကျော်ရှိခဲ့ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်ကပ်ရောဂါ ကာကွယ်ဆေးထိုးနှံမှုသည် သမိုင်းတစ်လျှောက်တွင် အကြီးမားဆုံးနှင့် အလျင်မြန်ဆုံးဖြစ်ကာ ရောဂါကာကွယ်ဆေးများ စတင်ရောင်းချသည့် ပထမနှစ်တွင် ကာကွယ်ဆေးများသည် လူပေါင်း ၁၉ ဒသမ ၈ သန်းကို ကယ်တင်နိုင်ခဲ့သည်ဟု WHO က ခန့်မှန်းထားသည်။ သို့သော် ကိုဗစ်ကပ်ရောဂါသည် ကူးစက်ပြန့်ပွားမှု ကြာမြင့်နေသည့်တိုင် ယခုအချိန်အထိ အရှိန်ရှိနေဆဲဖြစ်ကြောင်း၊ ယင်းရောဂါကြောင့် ယခု ၂၀၂၂ နှစ်နှစ်လယ်ပိုင်းမှာ ကမ္ဘာတစ်ဝန်း သေဆုံးသူ အနည်းငယ်လျော့ကျနေသော်လည်း ဗိုင်းရပ်စ်မျိုးကွဲများက ကမ္ဘာလုံးဆိုင်ရာ ကူးစက်မှုများကို ဆက်လက်ဖြစ်ပေါ်လျက်ရှိသဖြင့် ပေါ့ပေါ့တန်တန် သဘောမထားသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတိပေးထားပါသည်။

လာမည့်ကာလများအတွင်း ကမ္ဘာပေါ်တွင် အေးမြသည့် ဆောင်းရာသီသို့ ကူးပြောင်းရောက်ရှိလာတော့မည်ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများ များပြားလာမည်ဖြစ်ကြောင်း WHO က ပြောကြားသည်။ ဝင်ငွေနည်းပါးသည့် နိုင်ငံများတွင် ကိုဗစ်ရောဂါကာကွယ်ဆေးထိုးနှံမှု ပမာဏကျဆင်းလာခြင်းနှင့် ကမ္ဘာတွင် ကိုဗစ်ရောဂါဗီဇပြောင်း ဗိုင်းရပ်စ်များ၏ ရောဂါကူးစက်နိုင်မှု အတိုင်းအတာ များပြားလာခြင်းတို့ကို ယခုအချိန်တွင် တွေ့ရှိနေရကြောင်း WHO အကြီးအကဲ ဂါဘရီယီဆက်က ဆိုသည်။ ကမ္ဘာပေါ်ရှိအချို့သော ဝင်ငွေမြင့်မားသည့် နိုင်ငံများတွင်ပင် ကျန်းမာရေးလုပ်သား ၃၀ ရာခိုင်နှုန်းနှင့် သက်ကြီးရွယ်အို ၂၀ ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေးမထိုးနှံရသေးသည်ကို တွေ့ရှိရသောကြောင့် ကမ္ဘာပေါ်ရှိလူသားများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူကာ လူအများအပြားရှိသည့်နေရာတွင် နှာခေါင်းစည်းတပ်ဆင်ခြင်းကဲ့သို့သော ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက သတိပေးနှိုးဆော်ထားပါသည်။

အချုပ်ဆိုရသော် ကပ်ရောဂါသည် မည်သည့်အချိန်တွင် ပြီးဆုံးမည်ကို မခန့်မှန်းနိုင်သေးသဖြင့် ကိုဗစ်နှင့်အတူ ကာလတစ်ခုအထိ ယှဉ်တွဲနေထိုင်သွားရဦးမည်ဖြစ်ကြောင်း ပညာရှင်များက ခန့်မှန်းထားသည်။ ထို့ကြောင့် ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်ဖြစ်ရာ အများပြည်သူတို့အနေဖြင့် ကာကွယ်ဆေးအကြိမ်ရေအပြည့်ထိုးနှံခြင်း၊ ကိုဗစ်ကပ်ရောဂါ ကာကွယ်ရေးဆိုင်ရာ အခြေခံစည်းမျဉ်းများကို အတိအကျလိုက်နာသည့်အနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်း၊ လက်ကိုဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ ဆေးကြောခြင်း၊ လူစုလူဝေးနှင့် လူထူထပ်သောနေရာများသို့ သွားလာခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်းဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၅၃၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၄ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၃၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၄၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၂၄,၅၀၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၈,၈၉၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၅,၃၈၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူ (၂) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၆) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၇-၉-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၄၈၉,၇၃၄) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၅၄၉,၇၃၀) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၇-၉-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၄၈၉,၇၃၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၅၄၉,၇၃၀ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိ၍ (၀.၁)ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ ကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူ များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေး မှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှု နှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၄၉၅၅၆၁ | ၉၃၈၉၂၀၄၆ | ၁၀၇၀၈၆၅၆ |
| ၂။ | အိန္ဒိယ | ၄၄၅၃၄၁၈၆ | ၄၃၉၅၇၉၂၉ | ၅၂၈၃၃၇ |
| ၃။ | ပြင်သစ် | ၃၄၈၉၃၂၄၇ | ၃၄၃၂၄၁၂၅ | ၁၅၄၆၇၂ |
| ၄။ | ဘရာဇီး | ၃၄၆၂၇၀၉၀ | ၃၃၇၀၆၂၃၁ | ၆၈၅၄၁၀ |
| ၅။ | ဂျာမနီ | ၃၂၆၈၀၃၅၅ | ၃၁၉၀၃၄၀၀ | ၁၄၈၉၃၃ |
| ၆။ | တောင်ကိုရီးယား | ၂၄၃၉၄၄၆၆ | ၂၃၂၁၈၆၁၆ | ၂၇၈၂၈ |
| ၇။ | ဗြိတိန် | ၂၃၅၈၅၃၀၅ | ၂၃၂၉၇၉၀၈ | ၁၈၉၄၈၄ |
| ၈။ | အီတလီ | ၂၂၁၄၈၉၃၅ | ၂၁၅၄၅၄၃၈ | ၁၇၆၅၄၆ |
| ၉။ | ဂျပန် | ၂၀၆၃၅၈၄၇ | ၁၉၇၁၆၉၆၇ | ၄၃၆၇၂ |
| ၁၀။ | ရုရှား | ၂၀၄၃၉၀၉၅ | ၁၉၃၈၇၀၃၆ | ၃၈၆၀၄၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၅၈၄၄၉ | ၁၀၅၇၉၀၂၉ | ၄၃၁၃၉ |
| ၂။ | အင်ဒိုနီးရှား | ၆၄၀၈၈၀၆ | ၆၂၂၃၀၅၆ | ၁၅၇၈၉၂ |
| ၃။ | မလေးရှား | ၄၈၀၇၂၅၁ | ၄၇၅၄၉၁၁ | ၃၆၃၀၈ |
| ၄။ | ထိုင်း | ၄၆၇၃၃၈၇ | ၄၆၃၁၅၃၅ | ၃၂၆၃၂ |
| ၅။ | ဖိလစ်ပိုင် | ၃၉၂၀၆၉၃ | ၃၈၃၁၇၄၃ | ၆၂၅၄၉ |
| ၆။ | စင်ကာပူ | ၁၈၇၃၇၄၇ | ၁၇၉၅၃၄၉ | ၁၆၀၇ |
| ၇။ | မြန်မာ | ၆၁၈၈၉၈ | ၅၉၅၃၈၅ | ၁၉၄၄၆ |
| ၈။ | ဘရူနိုင်း | ၂၂၄၆၁၀ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၄၂၆ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၇၅၅ | ၁၃၄၆၄၄ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# ပါကစ္စတန်နိုင်ငံ၌ မုတ်သုံမိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၁၅၀၀ ကျော် သေဆုံးကာ ၁၂၀၀၀ ကျော် ဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၈**

ပါကစ္စတန်နိုင်ငံ၌ ယခုနှစ် ဇွန်လလယ်ပိုင်းမှ စတင်ကာ မုတ်သုံမိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၁၅၄၅ ဦးရှိခဲ့ကာ ၁၂၈၆၀ ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ စက်တင်ဘာ ၁၇ ရက်ညပိုင်းတွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ ပါကစ္စတန်နိုင်ငံအတွင်း မိုးရွာသွန်းမှု သို့မဟုတ် ရေကြီးရေလျှံမှုနှင့် ဆက်စပ်သော ဖြစ်စဉ်များကြောင့် သေဆုံးသူများအနက် ကလေးငယ် ၅၅၂ ဦးနှင့် အမျိုးသမီး ၃၁၅ ဦးပါဝင်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဆင်းပြည်နယ်သည် အဆိုးရွားဆုံးဒဏ်ခံရသည့်ပြည်နယ်ဖြစ်ကာ လူပေါင်း ၆၇၈ ဦးသေဆုံးခဲ့ကြောင်း၊ ၎င်းနောက်တွင် ခိုင်ဘာပက်တွန်ခွာအနောက်မြောက်ပိုင်း၌ သေဆုံးသူ ၃၀၆ ဦးနှင့် ဘလိုချီစတန်ပြည်နယ်အနောက်တောင်ပိုင်း၌ သေဆုံးသူ ၂၉၉ ဦးရှိကြောင်း သိရသည်။

ထို့ပြင် အဆိုပါမုတ်သုံမိုးနှင့် ရေကြီးရေလျှံမှုများကြောင့် လူနေအိမ် ၁၉၄၃၉၇၈ လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ၉၄၃၉၀၉ ကောင် သေဆုံးခဲ့ကြောင်းနှင့် လမ်းကီလိုမီတာအရှည် ၁၂၇၃၅ ကီလိုမီတာနှင့် တံတားအစင်းရေ ၃၇၅ စင်း ပျက်စီးမှုရှိခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ နိုင်ငံတစ်ဝန်းတွင် ခရိုင် ၈၁ ခုမှ ပြည်သူ ၃၃၀၄၆၃၂၉ ဦး ရေကြီးရေလျှံမှုဒဏ်ခံစားခဲ့ရကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**



## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၅ ဦး ထပ်မံသေဆုံး


**မနီလာ စက်တင်ဘာ ၁၈**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၅ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၂၅၄၉ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၃၆၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၂၀၆၉၃ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့လူနာ ၂၆၄၀၀ ဦးရှိပြီး ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၀၈၀ သည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၈ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## တိုင်ဖုန်းမုန်တိုင်းနန်မာဒိုကြောင့် ဂျပန်နိုင်ငံတောင်ပိုင်းနှင့် အနောက်ပိုင်းတွင် ပြည်သူရှစ်သန်းကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ထား

**တိုကျို စက်တင်ဘာ ၁၈**

ဂျပန်နိုင်ငံ တောင်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ဖြစ်ပေါ်လျက်ရှိသည့် တိုင်ဖုန်းမုန်တိုင်း နန်မာဒိုကြောင့် ပြည်သူ ရှစ်သန်းကျော်အား ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ထားကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဂျပန်နိုင်ငံတစ်ဝန်းရှိ ဒေသဆိုင်ရာအစိုးရတာဝန်ရှိသူများကလည်း စက်တင်ဘာ ၁၈ ရက် ည ၇ နာရီထုတ်ပြန်သည့်အမိန့်ကြေညာချက်များကို အင်န်အိတ်ချ်ကေ သတင်းဌာနနှင့် အခြားသောသတင်းဌာနများသို့ ပေးပို့ထားကြောင်း သိရသည်။

တိုင်ဖုန်းမုန်တိုင်း နန်မာဒိုကြောင့် ကျူးရှူး၊ ရှီကိုကူနှင့် ချူဂိုကူဒေသများတွင် ဂျပန်နိုင်ငံ၏ သဘာဝဘေးသတိပေးချက် အဆင့်(၄)ထုတ်ပြန်ထားကာ အိမ်ထောင်စု ၃ ဒသမ ၇ သန်းခန့်မှ ပြည်သူစုစုပေါင်း ရှစ်သန်းနီးပါးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

ထို့ပြင် ကာဂိုရှီးမား၊ မီယာဇာကီနှင့် အိုအီတာခရိုင်များရှိ အိမ်ထောင်စု ၁၆၀၀၀၀ ခန့်မှ လူပေါင်း ၃၃၀၀၀၀ ကျော်အတွက် ဂျပန်နိုင်ငံ၏ သဘာဝဘေးသတိပေးချက်အဆင့်အမြင့်ဆုံးဖြစ်သည့် သတိပေးချက်အဆင့်(၅)ကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အလင်းသစ်**

## ထိုင်ဝမ်၌ အင်အားပြင်းငလျင်လှုပ်ခတ်၊ အဆောက်အအုံအချို့ ပြိုကျပျက်စီး

**ထိုင်ဝမ် စက်တင်ဘာ ၁၈**

ထိုင်ဝမ်၌ အင်အား ၇ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခု ယနေ့လှုပ်ခတ်ခဲ့ရာ ဟွာလင်စီရင်စု၌ အဆောက်အအုံအချို့ ပြိုကျပျက်စီးခဲ့ပြီး ရထားတွဲဆိုင်းများ ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၄ မိနစ်ခန့်တွင် အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်၏ အလယ်ဗဟိုချက်သည် ထိုင်ဝမ်အနီး သုံးကီလိုမီတာအနီး၌ ဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါစီရင်စုရှိ မီယာကိုဂျီမာနှင့် ယေရာမာဒေသများ၌ ဆူနာမီရေလှိုင်းသတိပေးချက်များ ထုတ်ပြန်ခဲ့ပြီး အချိန်အနည်းငယ်ကြာပြီးနောက် အဆိုပါအေဂျင်စီကယင်းထုတ်ပြန်ချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဟွာလင်နှင့် တိုင်တန်စီရင်စုများ၌ ငလျင်ငယ်များ ဆက်တိုက် လှုပ်ခတ်ခဲ့ကြောင်း တိုင်ပေရာသီဥတုဗျူရိုက ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဟွာလင်စီရင်စုရှိ စတိုးဆိုင်တစ်ခုပါရှိသည့် လူနေအိမ် သုံးထပ်အဆောက်အအုံတစ်ခု ပြိုကျပျက်စီးခဲ့ပြီး အဆိုပါ အပျက်အစီးများအောက်မှ လူသုံးဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် သေဆုံးသူဦးရေ အတိအကျမသိရသေးကြောင်း မီးသတ်သမားများက ပြောကြားသည်။

ထို့ပြင် အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် ဟွာလင်စီရင်စုရှိ မီးရထားဘူတာရုံတစ်ရုံ၌ မီးရထားတွဲဆိုင်းများ ပြေးလမ်းချော်မှုဖြစ်ပွားခဲ့သည်။

ရထားခရီးသည် ၂၀ အား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း ထိုင်ဝမ် ဗဟိုသတင်းအေဂျင်စီက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၆၆၄ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ စက်တင်ဘာ ၁၈။** ။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၆၆၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၄၅၃၄၁၈၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာပေါင်း ၄၇၉၂၂ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၃၅ ဦးရှိသဖြင့် သေဆုံးသူပေါင်း ၅၂၈၃၃၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၅၅၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၉၅၇၉၂၉ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၁၆၅၆၅၄၇၆၆ လုံးအသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်ထိ ပြည်သူ ၈၉၁ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ ယန္တရားအပိုပစ္စည်းနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန် စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ကုန်လှောင်ရုံ၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်း မရှိသော Button punching Machine နှင့် CMP Accessories များ(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၃၀၃၀၀)ကို လည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ဖြည့်စွက်ဆေးဝါးများ (ခန့်မှန်းတန်ဖိုးငွေကျပ်၆၃၆၄၅၃၀) ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၆၉၄၈၃၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်သုံးစီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော Air Conditioner များ၊ ယန္တရားအပိုပစ္စည်းများနှင့် ကြွေပြားချပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၄၈၀၅၈)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်သုံးစီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၁၃၄၈၀၅၈)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တပ်ကုန်းမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်များအတွင်း တရားမဝင် သစ်မျိုးစုံ ၆ ဒသမ ၇၈၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၆၄၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော ဆပ်ပြာမှုန့်ထုပ်များနှင့် ကြွေပြားချပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀)ကို လည်းကောင်း၊ မြဝတီကုန်သွယ်ရေးဇုန်၌ တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်မှ Toilet Commode များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၂၅၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂၂၅၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့နယ် ကံတလူလျှပ်စစ်ရုံးအနီး၌ ကျွန်းမှန်ပြတင်းချပ်များ ၁၃ ဒသမ ၃၀၀၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၇၈၀၆၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၅၁၈၈၀၉၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မိုးညှင်း၊ သာစည်၊ ဘားအံနှင့် ရွှေပြည်သာမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် ညနေ ၄ နာရီတွင် မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မောင်စိုး(ခ)ခင်မောင်စိုး မောင်းနှင်ပြီး နေလင်းစိုး လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၇၈ ကီလိုကိုလည်းကောင်း၊ ထိုနေ့နံနက် ၁၀ နာရီတွင် သာစည်မြို့နယ် ယင်းမာပင်ကျေးရွာအနီး တောင်ကြီး-မိတ္ထီလာသွားကားလမ်းတွင် တိုးအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ ကိုလည်းကောင်း။

စက်တင်ဘာ ၁၇ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဘားအံမြို့နယ် အိန္ဒုကျေးရွာအနီး ဘားအံ-မြဝတီသွားကားလမ်းတွင် ခွန်မျိုးခန့်ငြိမ်း မောင်းနှင်ပြီး စိုးတင့်ဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့နံနက် ၁၀ နာရီတွင် ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် မြတ်လေးလမ်း အိမ်အမှတ်(၃၂၂/က)နေ ညီညီမင်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



မောင်စိုး(ခ)ခင်မောင်စိုးနှင့် နေလင်းစိုးတို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

**ပြင်ဆင်ဖတ်ရှုပါရန်**

စက်တင်ဘာ ၁၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၄ တွင်ပါရှိသည့် "(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်း" ဆိုသည့် သတင်း၌ ပါရှိသည့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကို **အစား** ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကို ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်နယ်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၉-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ရှုရားခရီးစဉ်မှတ်တမ်း(စတုတ္ထပိုင်း)
- **၀၉:၁၀** စိုက်ပျိုးရေးရာအမြဲရှာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၁၅** ပြည်သူကြားမှပြည်သူ့စကား စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ
- **၁၁:၃၅** ဘဝနှင့်အနုပညာ
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၈)
- **၁၃:၃၀** MRTV National News
- **၁၆:၃၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
- **၁၇:၁၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၇:၄၅** This Week's Special Interest
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကဗ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း' (အပိုင်း-၁၅)
- **၁၉:၅၀** ကေဝင်ရှိမှသည်ဗဟုဝင်ရှိကမ္ဘာကြီးဆီ
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကဗ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၂၇)

**mitv**

- **07:01** Evergreen Classic: Awayyar Horntu (Sein Lei Lei)
- **07:08** A Visit to Yangon's Coastal Area
- **07:27** Tray Art Products
- **07:38** Oboist and His Life
- **08:01** News
- **08:26** A Traditional Food in Bagan: Pone Ye Gyi
- **08:50** Next Weekend
- **09:01** Aesthetic Chinlone
- **09:28** Discovering Tribes: Da Nu (Their Life and Customs) (Part -1)
- **09:43** Strolling Along A Memory Link - U Pein Bridge
- **09:35** Listening Pleasure, Instrumental Music (Banjo) Yangon Thu
- **09:43** Up Against The Tide

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဒေါင်ဒင်အင်းနှင့် စုပေါင်းငါးဖမ်းပွဲတော်
- **ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** တောင်ဇလပ်ရဲ့ရှီးရာအလှ(အပိုင်း-၂)
- **ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** ဂဟာစနစ်မပျက်ယွင်း ကချင်ပြည်နယ်ကအင်းတော်ကြီး
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၅)
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** Arkan Talented Starတေးသံရှင်ဒိုးကလေး
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** တိုင်းမောဝ်မောရှမ်းတိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်ပုံ
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ကြက်သားပရုံချက်နည်း
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** မူလာရှီးဒီသို့အလည်တစ်ခေါက်
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး
- **စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** မုန့်ဟင်းခါးချက်စားရအောင်
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ဖိုင်းပြုတ္တာကရေလုပ်သားကြီးဘဝ

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၄၅** ရသစုံအနုပညာတို့ဖြစ်တည်စီးဆင်းရာ
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၅:၀၀** သတင်းမှန်ကဏ္ဍ
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၄၅** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပမှန်သတင်းပေးခြင်း'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
- **၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၇:၂၀** ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် အရိပ်လည်းရပြည်လည်းလှ
- **၀၇:၅၅** နိုင်ငံတကာနည်းပညာ တို့လယ်တောမှာကျင့်သုံးပါ
- **၀၈:၅၀** မြင့်မားလုပ်လယ်သမားဘဝ
- **၀၉:၁၅** မြန်မာ့လယ်ယာထွက်ကုန်များဖြင့် တန်ဖိုးမြင့်ထုတ်ကုန်

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက်(၉:၀၀)နာရီမှ တစ်ကြိမ်လျှင်(၄)နာရီ (၆)ကြိမ်နှုန်း(၂၄)နာရီထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုသို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၅)ရပ်ကွက်ရှိ ဆုကြီးပန်ဘုန်းကြီးကျောင်းနေ ဦးအာဇာရ(ခ)အောင်ဖိုက်သည် ၎င်းအသုံးပြုသည့် "Zin Ko" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြည်မြို့နယ်၌ သန့်ရှင်းလတ်ဆတ်သောငါးများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**ရေကြည် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ပြည်သူများ စားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ အဆင်ပြေစေရန် မြို့နယ်အတွင်းရှိ ငါးအဝယ်ဒိုင်များမှ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် သန့်ရှင်းလတ်ဆတ်သောငါးများ ရောင်းချပေးခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက် ၇ နာရီတွင် နေဝင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌



ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းချစ်အေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးဌာနမှူး ဦးမျိုးလွင်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ လာရောက်ကြည့်ရှုကာ ဈေးရောင်း/ဈေးဝယ်နေမှုအား သွားရောက်အားပေးကူညီခဲ့ကြပြီး နေဝင်းရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၆၀ အား ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ပိဿာချိန် ၃၀ ကို ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကျန်ရှိနေသော မြို့ပေါ်ရပ်ကွက်နေ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် သန့်ရှင်းလတ်ဆတ်သော ငါးများကိုလည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှုယာယီရဲမှူးသံမရောင်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့အင်အား ၂၄ ဦးတို့က စက်တင်ဘာ ၁၈ ရက် နံနက် ၇နာရီတွင် ပေါင်မြို့နယ် ကဒါရပ်ကွက် ရွှေတိဂုံဘုရားရင်ပြင်တော်နှင့် ဘုရားဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များလှည်းပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။ မွန်မလေး



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်မွန်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်စောနိုင် ဦးစီး၍ အရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင်အင်အား ၁၂ ဦးဖြင့် စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီခွဲတွင် နောင်မွန်ကျေးရွာ ရွာဦးစေတီဘုရား၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ရဲပြန်ကြား

# ပုသိမ်မြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့နည်းစေရေး ကြပ်မတ်စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

**ပုသိမ် စက်တင်ဘာ ၁၈**

ဧရာဝတီ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်မသုံးစွဲရနေ့အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ်ကြပ်မတ်စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့မဈေး၊ ကမ်းနားဈေးနှင့် မြို့သစ်ဈေးတို့တွင် ဆောင်ရွက်ခဲ့သည်။



ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များ ပူးပေါင်း၍ ဈေးရောင်း/ ဈေးဝယ်သူများအနေဖြင့် တနင်္ဂနွေနေ့တွင် ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစားအင်ဖက်၊ တောင်စွန်ဖက်၊ ဗာဒံရွက်များ စသည့် ပလတ်စတစ်အစားထိုးပစ္စည်းများ အသုံးပြု၍ ရောင်းချစေရေးအတွက် ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထို့အပြင် ဈေးရောင်းချသူများအား ရောင်းကုန်ပစ္စည်းများထည့်သွင်းထုပ်ပိုးရန် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖြန့်ဝေသော စက္ကူအိတ်နမူနာများအား ဖြန့်ဝေပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သီပေါမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်မြတ်ဦးစီး၍ အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် သီပေါမြို့ နန်းဦးစေတီ ပရိယတ္တိစာသင်တိုက်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ၂၁၀

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**




(၅၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ တောင်ငူမြို့နယ် ဇီးပင်သာအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်အောင် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကုက္ကိုပင်စုကျေးရွာရှိ အခြေခံပညာမူလတန်းလွန် ကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ကိုလွင်(ဆွာ)

# ပြည့်စပါးအိုး အထွက်တိုးဖို့ ရေငန်ဝင်ရောက်မှုကို သတိပြုကြစို့

■ ဆည်မြောင်းဝန်ထမ်းတစ်ဦး ■




နှစ်အလိုက် ရေငန်ဦးရောက်ရှိသည့် နေရာပြပုံ

မြန်မာပြည်၏ ဆန်အိုးကြီးဟု တင်စားရာ ဧရာဝတီတိုင်းဒေသကြီးသည် နှစ်စဉ်ဆန်စပါးအများအပြား စိုက်ပျိုးထုတ်လုပ်ကာ ပြည်တွင်းဆန်စားသုံးမှုကို အထောက်အကူပြုလျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရန်အတွက် ရေချိုအရင်းအမြစ်ဖြစ်သည့် မြစ်ချောင်းများပေါများသော်လည်း ပင်လယ်ကမ်းရိုးတန်းနှင့် နီးကပ်စွာတည်ရှိနေသည့်အတွက် မြစ်ချောင်းများမှ ပင်လယ်ရေငန်ဝင်ရောက်မှုရှိသည့် ဒေသလည်းဖြစ်သည်။ ထို့ကြောင့် ဒေသတွင်းရေချိုအရင်းအမြစ်ကြောင့် စိုက်ပျိုးရေးကို အဓိကထားဆောင်ရွက်နိုင်သော်လည်း ရေငန်ဝင်ရောက်မှုကြောင့် သီးနှံပင်နှင့် မြေဆီလွှာတွင် အကျိုးသက်ရောက်မှုများဖြစ်ပေါ်ကာ စိုက်ပျိုးသီးနှံအထွက်နှုန်းများအပေါ် အထိုက်အလျောက် သက်ရောက်မှုရှိလာသည်ကို ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးတောင်သူအချို့ တွေ့ကြုံလာရသည်။

ဧရာဝတီတိုင်းဒေသကြီးသည် ရေချိုအရင်းအမြစ်များစွာ တည်ရှိပြီး မိုးများသည့်ဒေသဖြစ်သည့်အတွက် များစွာသောလယ်ယာမြေများသည် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသည်။ သို့သော် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သည့်အတွက် ခြောက်သွေ့သောရာသီအစ (ဒီဇင်ဘာလမှ ဧပြီလ) တွင် ဆားငန်ရေ တိုးဝင် ဝင်ရောက်မှုမှာ နွေသီးထပ်သီးနှံစိုက်ပျိုးရေးအတွက် အကန့်အသတ်များ ဖြစ်ပေါ်စေလျက်ရှိသည်။

### လယ်ကန်သင်းမြှင့်ခြင်းနှင့် ရေငန်တားတမံများ တည်ဆောက်ပေးခြင်း

ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ရာသီဥတုပြောင်းလဲလာမှုဖြစ်စဉ်များဖြစ်သည့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်မှုနှင့် မုန်တိုင်းဒီရေပြင်းထန်မှုတို့အပြင် မိုးရွာသွန်းမှုပမာဏ၊ မိုးရွာသွန်းမှုပုံစံနှင့် ရွာသွန်းကာလပြောင်းလဲမှုများသည် ကမ်းရိုးတန်းဒေသများသို့ ပင်လယ်ရေငန်ဝင်ရောက်မှု ပိုမိုဆိုးရွားစေသည့် အကြောင်းရင်းများဖြစ်သည်။ တောင်သူများ၏ စိုက်ပျိုးမြေတွင် ရေငန်ဝင်ရောက်မှု တွေ့ကြုံလာရသည်ကို ဖြေရှင်းကျော်လွှားသွားနိုင်ရန် ပင်လယ်နှင့်ထိစပ်နေသော အဓိကမြစ်ကြီးများတွင် ပင်လယ်ဒီရေမြင့်တက်မှုကြောင့် ကုန်းတွင်းပိုင်းသို့ ရေငန်ရောက်ရှိသည့်နေရာများကို နွေရာသီဒီရေအမြင့်ဆုံးတက်ရောက်သည့် မတ်လနှင့် ဧပြီလများ၏ ရေထရက်များတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တိုင်းတာကာ စိုက်ပျိုးတောင်သူများထံ သတင်းအချက်အလက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်ဖက်မှလည်း တောင်သူများ၏ လယ်ယာမြေများသို့ ပင်လယ်ရေငန် ဝင်ရောက်မှုမရှိစေရန် လယ်ကန်သင်းမြှင့်ခြင်းနှင့် ရေငန်တားတမံများ တည်ဆောက်ပေးခြင်းတို့အပြင် နွေစပါးအောင်ရေအတွက် ရေချိုရရှိရန် မြေအောက်ရေတူးဖော်ခြင်းလုပ်ငန်းများကို အားစိုက်အကောင်အထည်ဖော်လျက်ရှိသည်။

> “တောင်သူများ၏ စိုက်ပျိုးမြေတွင် ရေငန်ဝင်ရောက်မှု တွေ့ကြုံလာရသည်ကို ဖြေရှင်းကျော်လွှားသွားနိုင်ရန် ပင်လယ်နှင့်ထိစပ်နေသော အဓိကမြစ်ကြီးများတွင် ပင်လယ်ဒီရေမြင့်တက်မှုကြောင့် ကုန်းတွင်းပိုင်းသို့ ရေငန်ရောက်ရှိသည့်နေရာများကို နွေရာသီဒီရေအမြင့်ဆုံးတက်ရောက်သည့် မတ်လနှင့် ဧပြီလများ၏ ရေထရက်များတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှတိုင်းတာကာ စိုက်ပျိုးတောင်သူများထံ သတင်းအချက်အလက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်ဖက်မှလည်း တောင်သူများ၏ လယ်ယာမြေများသို့ ပင်လယ်ရေငန် ဝင်ရောက်မှုမရှိစေရန် လယ်ကန်သင်းမြှင့်ခြင်းနှင့် ရေငန်တားတမံများ တည်ဆောက်ပေးခြင်းတို့အပြင် နွေစပါးအောင်ရေအတွက် ရေချိုရရှိရန် မြေအောက်ရေတူးဖော်ခြင်းလုပ်ငန်းများကို အားစိုက်အကောင်အထည်ဖော်လျက်ရှိ”

စိုက်ပျိုးရေး၌ အငန်ဓာတ်မြင့်မားစွာပါဝင်နေမှုသည် အပင်ကြီးထွားမှုနှင့် မြေဆီလွှာကို ထိခိုက်စေနိုင်သဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ ဆန်စပါးတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပင်လယ်ရေငန်ဝင်ရောက်မှုအခြေအနေကို အလေးထားစောင့်ကြည့်ရန် လိုအပ်သည့်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အရေးကြီးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေပြီဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်ဝကျွန်းပေါ်အလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများဖြစ်သော မအူပင်ခရိုင်၊ ဖျာပုံခရိုင်၊ မြောင်းမြခရိုင်၊ ကျုံပျော်ခရိုင်၊ ပုသိမ်ခရိုင်နှင့် လပွတ္တာခရိုင်တို့တွင် ဒီရေအတက်အကျကြောင့် ရေငန်ဝင်ရောက်သည့် နေရာများရှိနေပါသည်။ ရေငန်ဝင်ရောက်သည့်နေရာများပေါ်မူတည်၍ ရေငန်နှင့် ထိစပ်မှုရှိသောမြို့နယ်များ၌ နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် နွေစပါး စတင်စိုက်ပျိုးရန် ဒေသတွင်း ရေချိုရရှိသော မြစ်၊ ချောင်း၊ မြောင်းများမှတစ်ဆင့် ရေချိုကိုရယူစိုက်ပျိုးလေ့ရှိပြီး ဖေဖော်ဝါရီလနှင့် မတ်လတွင် အောင်ရေ ရယူစိုက်ပျိုးလေ့ရှိကြပါသည်။

### ကုန်းတွင်းပိုင်းသို့ ရေငန်ဝင်ရောက်မှုဖြစ်ပေါ်

မိုးရာသီကုန်ဆုံးသည့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလမှစ၍ ကုန်းတွင်းပိုင်းမှ ရေစီးဆင်းမှု လျော့နည်းလာပြီး နှစ်စဉ် နွေရာသီ (မတ်လနှင့် ဧပြီလ) တွင် ပင်လယ်ဒီရေဝင်ရောက်မှုသည် အမြင့်ဆုံးရောက်ရှိပြီး မြစ်ခွဲများမှတစ်ဆင့် ကုန်းတွင်းပိုင်းသို့ ရေငန်ဝင်ရောက်မှုဖြစ်ပေါ်သည်။ ထိုသို့ ရေငန်ဝင်ရောက်မှုကြောင့် နှစ်စဉ်မြစ်/ချောင်းများမှ ရေတံခါးများ၊ ရေနုတ်မြောင်းများမှတစ်ဆင့် ရေသွင်းစိုက်ပျိုးသည့် ဧရိယာများနှင့် အနိမ့်တင်ရေစုပ်စက်များဖြင့် ရေသွင်းစိုက်ပျိုးသည့် ဧရိယာများအပေါ် သက်ရောက်မှုရှိပြီး အချို့ဒေသများတွင်စိုက်ကေများ လျော့နည်းမှုလည်း ရှိလာသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ၁၃၅၀၀ စတုရန်းမိုင်ကျော်ရှိပြီး ကမ်းရိုးတန်းအရှည်သည် ၈၁ မိုင်ခန့်ရှိသည်။ နှစ်စဉ် မိုးရေချိန်လက်မ ၈၀ မှ ၁၃၀ လက်မအတွင်း ရွာသွန်းမှုရှိသည်။ မြစ်ဝကျွန်းပေါ် အောက်ပိုင်းဒေသသည် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ချောင်းများတွင် ဒီရေအတက်အကျ များပြားခြင်းတို့ကြောင့် မိုးရာသီတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသည်။ ထို့အပြင် အဆိုပါဒေသသည် ပင်လယ်နှင့်ထိစပ်နေပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၀ ပေခန့်၌သာ ရှိသည့်အတွက် နွေရာသီတွင်ရေငန်များ မြစ်ချောင်းများအတွင်း ဝင်ရောက်ခြင်း ပိုမိုဖြစ်ပေါ်လေ့ရှိသည်။

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုဘဝနေထိုင်မှု အစီအစဉ်များ လိုအပ်နေ

ဧရာဝတီမြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းအနောက်ဘက် ဧရိယာများ၌ ရေထရက်နှင့် ရေသေရက်တို့၏ ဒီရေအမြင့်ကွာခြားမှုသည် ခုနစ်ပေနှင့် ခြောက်ပေခန့်ရှိကြပြီး အရှေ့ဘက်ကမ်းရိုးတန်းတွင် ၁၈ ပေနှင့် ၁၃ ပေခန့်ရှိသည်။ သို့ဖြစ်ရာ မြစ်ဝကျွန်းပေါ်ဒေသအနေဖြင့် ပင်လယ်ဒီရေ မြင့်တက်မှုနှင့်အတူ ပါလာမည့် ရေငန်ဝင်ရောက်မှုအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုဘဝနေထိုင်မှုအစီအစဉ်များ လိုအပ်နေပြီဖြစ်သည်။

သို့အတွက်ကြောင့် မြစ်ဝကျွန်းပေါ်ရှိ ရေငန်ဝင်ရောက်မှုများပြားသည့် နေရာဒေသအချို့၌ စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းလာနိုင်သဖြင့် ရေငန်ဝင်ရောက်မှု ကာကွယ်တားဆီးရာ၌ ရေငန်ဝင်ရောက်နိုင်သည့် ချောင်း၊ မြောင်းများတွင် ယာယီရေထိန်းတမံများ၊ ချောင်းပိတ်၊ မြောင်းပိတ်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် တောင်သူများမှ ပူးပေါင်းကာကွယ်ဆောင်ရွက်ခြင်းဖြင့် ရေငန်ဝင်ရောက်မှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေးအတွက် ရေတိုအစီအစဉ်အဖြစ် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ရေတိုတွင်သာမက ရေရှည်အကျိုးဖြစ်ထွန်းနိုင်စေရန်အတွက် ရေငန်အတက်အကျ ပြောင်းလဲမှုရှိသည့် ချောင်းလက်တက်များပေါ်တွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများပြုလုပ်၍ ရေတံခါးများ တည်ဆောက်ရေး အစီအမံများချမှတ်ရန် လိုအပ်မည်ဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်များမှ ရေသွင်းပေးဝေရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေရေးအတွက် ကုန်းတွင်းပိုင်းသို့ ပင်လယ်ရေငန်ရောက်ရှိသည့် နေရာများအား သိရှိနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်နွေရာသီ ဒီရေအတက်ဆုံးဖြစ်သည့် မတ်လရေထရက်များ၌ ပင်လယ်နှင့် ဆက်စပ်လျက်ရှိသော အဓိကမြစ်ကြီး ခုနစ်စင်းဖြစ်သည့် လှိုင်မြစ်၊ တိုးမြစ်၊ ဖျာပုံမြစ်၊ ဘိုကလေးမြစ်၊ ရာဇူတိုင်မြစ်၊ ပြာမလော့မြစ်၊ ပုသိမ်မြစ်တို့တွင် ရေငန်ဦး (Saline Front) တိုးဝင်မှုများအား နှစ်စဉ်စူးစမ်းလေ့လာ တိုင်းတာလျက်ရှိပါသည်။

ဌာနမှ တိုင်းတာလျက်ရှိသော ရေငန်ဦးဆိုသည်မှာ အငန်ဓာတ်များပြားစွာ ပါဝင်သော ပင်လယ်ရေငန်များသည် မြစ်ချောင်းများမှတစ်ဆင့် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာရာတွင် စိုက်ပျိုးရေးအဖြစ်အသုံးမပြုသင့်ကြောင်း သတ်မှတ်ထားသည့် ရေငန်ပြင်းအားရှိသော ပင်လယ်ရေငန်များ တိုးဝင်ရောက်ရှိနေသည့် ကုန်းတွင်းအကျဆုံးနေရာကို ရေငန်ဦးဟု သတ်မှတ်ပါသည်။ စာမျက်နှာ ၁၇ သို့ ★

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၃၁၆၀ |
| 95 Ron | ၂၂၇၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၀ | ၂၃၃၅ | ၂၃၂၀ | ၂၃၀၀ | ၂၃၉၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၂၀ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၇၀ | ၃၂၂၀ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၈၈၀ |
| HSD (50 ppm) | ၂၆၆၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၇၀ | ၃၉၁၅ |
| HSD (10 ppm) | ၂၆၆၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၇၀ | ၃၉၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၅၀ |
| 95 Ron | ၂၁၆၁ | ၂၂၃၈ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၂၅၅၀ | ၂၆၃၀ |
| HSD (10 ppm) | ၂၅၅၀ | ၂၆၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

★ စာမျက်နှာ ၁၆ မှ

ပင်လယ်ရေငန်တိုင်းတာရာတွင် ရေငန်ပြင်းအားကို ppt (Parts per thousand- တစ်ထောင်တွင် တစ်ယူနစ်ပမာဏ) ဖြင့် တိုင်းတာဖော်ပြလေ့ရှိပါသည်။ ၁ ppt မှ ၃ ppt ပြင်းအားအတွင်းရှိသောရေသည် အနည်းငယ်ငန်သောရေဟု သတ်မှတ်ပြီး ဆားပါဝင်မှုမှာလည်း များပြားသောကြောင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food And Agriculture Organization-FAO) ၏ စံသတ်မှတ်ချက်အရ သီးနှံပင်များ ထိခိုက်ပျက်ဆီးမှုရှိနိုင်သော စိုက်ပျိုးရေအဖြစ် သတ်မှတ်ပါသည်။ ၁ppt အထက်ရှိသောရေများသည် စိုက်ပျိုးရေးကို ထိခိုက်မှုရှိနိုင်သဖြင့် ရေငန် ၁ ppt တန်ဖိုးရှိသော နေရာများအား ဆက်စပ်မျဉ်းရေးဆွဲသား၍ ရေငန်ဦးမျဉ်းအဖြစ် သတ်မှတ်ဖော်ပြပြီး ၁ ppt ရေငန်ဦးမျဉ်းများ၏ အထက်ပိုင်းကို နွေရာသီကာလအတွင်း စပါးစိုက်ပျိုးနိုင်သော ဧရိယာနှင့် ရေငန်ဦးမျဉ်း၏အောက်ပိုင်းကို စိုက်ပျိုးရန်မသင့်လျော်သော ဧရိယာများကို ခွဲခြားသတ်မှတ်ပေးသည့် နယ်နိမိတ်ပြမျဉ်းအဖြစ် အသုံးပြုနိုင်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ စိုက်ပျိုးရေးသည် မြစ်ရေမှရယူသုံးစွဲနေရသဖြင့် နှစ်စဉ် ၁ ppt ရေငန်ဦးမျဉ်း ရွှေ့လျားပြောင်းလဲနေမှုသည် အထူးသဖြင့် ဒေသအတွင်း နွေစပါးစိုက်ပျိုးရေးအတွက်အဓိက သတင်းအချက်အလက်ဖြစ်သည်။ ယေဘုယျအားဖြင့် နှစ်စဉ်မတ်လ၌ တိုင်းတာထားသော အဆိုပါရေငန်ဦးမျဉ်း၏ အထက်ဘက် (မြောက်ဘက်) သည် စပါးစိုက်ပျိုးနိုင်သော ဧရိယာဖြစ်ပြီး ၎င်း၏ အောက်ဘက် (တောင်ဘက်) သည် စပါးစိုက်ပျိုးရန်မသင့်လျော် (သို့မဟုတ်) မစိုက်ပျိုးနိုင်သော ဧရိယာများဖြစ်သည်။ ထို့ကြောင့် နှစ်စဉ်ရေငန် ဝင်ရောက်မှု (၁ ppt) စောင့်ကြည့်တိုင်းတာခြင်းသည် နွေစပါးစိုက်ပျိုးရေးအတွက် အထောက်အပံ့များစွာ ပြုနိုင်သည့် လုပ်ငန်းရပ် ဖြစ်သည်။

## ရေငန်ဝင်ရောက်မှုတိုင်းတာခြင်း (သို့) ခန့်မှန်းခြင်းများ

သို့ပါ၍ နှစ်စဉ်နွေစပါးအောင်ရေပေးသွင်းချိန် ဖေဖော်ဝါရီလ မတိုင်မီ ရေငန်ဝင်ရောက်မှု တိုင်းတာခြင်း (သို့) ခန့်မှန်းခြင်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သည်။

သို့သော်လည်း ရေငန်ဝင်ရောက်သည့် အကွာအဝေးနှင့် ပမာဏတို့သည် မြစ်တစ်ခုနှင့်တစ်ခု မတူညီကြသလို မြစ်တစ်ခုစီ၌လည်း နှစ်အလိုက်၊ ရာသီအလိုက် ရေငန်ဝင်ရောက်နိုင်ခြေ ကွဲပြားမှုရှိသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က စိုက်ပျိုးရေးအတွက် သင့်လျော်မှုရှိသော ရေအရည်အသွေးသတ်မှတ်ရာတွင် ရေငန်ပါဝင်မှု တစ်ခုတည်းသာမက ဆိုဒီယမ်ပါဝင်မှုနှင့် အခြားသော ရေအရည်အသွေး ဂုဏ်သတ္တိများအပေါ်တွင်လည်း မူတည်နေကြောင်း FAO ၏ အချက်အလက်များက ညွှန်းဆိုထားသည်။

ဆိုဒီယမ်ဓာတ်မှာ သီးနှံပင်များကို အဓိက အန္တရာယ်ပေးသောဓာတ်ဖြစ်ပါသည်။ မြေဆီလွှာတွင် ဆိုဒီယမ်ဓာတ်များပြားခြင်းသည် မြေဆီလွှာဆားပေါက်ခြင်း/ ဆပ်ပြာပေါက်ခြင်းကို ဖြစ်ပေါ်စေပါသည်။ မြေဆီလွှာတွင် ဆိုဒီယမ်ဓာတ်များ များပြားလာပါက မြေဆီလွှာဖွဲ့စည်းပုံပျက်စီးခြင်း၊ သီးနှံပင်များ အာဟာရဓာတ်စုပ်ယူစားသုံးမှုကို အဟန့်အတားဖြစ်စေခြင်းများ ဖြစ်ပေါ်ကာ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးစေပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် နှစ်စဉ်ရေငန်ဦး ရွှေ့လျားပြောင်းလဲမှု စောင့်ကြည့်လေ့လာသည့်လုပ်ငန်းကို စနစ်တကျဆောင်ရွက်ပြီး မြစ်ဝကျွန်းပေါ်ဒေသ နွေသီးနှံပိုမိုစိုက်ပျိုးနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် နှစ်စဉ် ရေငန်ဦးဝင်ရောက်မှု နေရာဖော်ပြသည့် သတင်းအချက်အလက်များကို ဒေသနေပြည်သူများထံ အချိန်မီသတင်းစကားပါးနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဒေသနေပြည်သူများအနေဖြင့်လည်း ရေငန်ဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းများဖြစ်သည့် မိမိတို့၏ လယ်ကန်သင်းများအားမြှင့်ခြင်း၊ ရေငန်ဝင်ရောက်နိုင်သည့် ချောင်းမြောင်းများအား ယာယီချောင်းပိတ်တမံများ စုပေါင်းဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေးနိုင်၊ စခန်းမှူး ဒုတိယရဲမှူး သန်းဇော်ထွေးနှင့် ရဲတပ်ဖွဲ့ဝင် အင်အား ၄၅ ဦးတို့က စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ရတနာသိမ်ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း/အပြင်ရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ ဘုရားစေတီရင်ပြင်အား သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မြင့်ဦး



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး(ယာယီ) ရဲမှူးမင်းဇော်၊ မြို့မရဲစခန်းမှူး သန်းထွန်းနှင့်အဖွဲ့၊ အမှတ်(၅၃) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးရန်နိုင်စိုးနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၄ ရက်က သမိုင်းဝင်ကျိုက်ပြဿဒ်တနော်စေတီတော်ရင်ပြင်တွင် သန့်ရှင်းရေးပြုလုပ်စဉ်။ တင်ဝင်းတင်

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပကြည်နူးရ၏

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်သို့ သွားရောက်၍ သံဃာတော်များ၊ စာသင်သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့်အခြားစားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းခဲ့သည်။



နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ဝါတွင်းကာလတွင် ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးရှိ စာသင်တိုက်များသို့လည်းကောင်း၊ ပရဟိတကျောင်းများသို့လည်းကောင်း စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့၌ သွေးလှူရှင်ဂုဏ်ပြုပွဲ ကျင်းပ

**ညောင်လေးပင် စက်တင်ဘာ ၁၈**

လိုတရ ပရဟိတအသင်း နှစ်ပတ်လည် အခမ်းအနားနှင့် သွေးလှူရှင်ဂုဏ်ပြုပွဲကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ တရုတ်ဘုံကျောင်းခန်းမ၌ ယနေ့တွင် ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်စောကလျာတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)အလုပ်အမှုဆောင် စာရေးဆရာ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က သွေးလှူဒါန်းရခြင်းအကျိုးတရားများကိုလည်းကောင်း၊ ညောင်လေးပင်မြို့နယ် လိုတရသွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးဇော်သိန်းက အသင်းစတင်တည်ထောင်ရခြင်းရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ သွေးလှူဒါန်းနိုင်မှုအခြေအနေနှင့် ငွေစာရင်းရှင်းတမ်းများကို အကျယ်တဝင့်ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။ **နေလင်း(ညောင်လေးပင်)**

# လောက်ကိုင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

လောက်ကိုင် စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ထင်ပါကျိုင်း ကျေးရွာအုပ်စု နားပန်ကျေးရွာအထွက်လမ်းဆုံတွင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ယနေ့နံနက် ၁၀ နာရီက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

လောက်ကိုင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့်ကော်မတီ ဦးဆောင်မှုဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှ ကင်းဝေးစေရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ



ပေးကြပြီး နေအိမ်ပြင်ပသို့ထွက်တိုင်း တပ်ဆင်သွားလာနိုင်စေရေး ကျန်းမာရေးအသိပညာပေး တိုက်တွန်းနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**လောက်ကိုင်(ပြန်/ဆက်)**

# ခိုင်ကမ်းမြို့၌ ဆည်ကြီးချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

နေပြည်တော် စက်တင်ဘာ ၁၈

ချင်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနကြီးကြပ်မှုအောက်ရှိ ခိုင်ကမ်းငါးလုပ်ငန်းစခန်းမှ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပိုမိုရရှိစားသုံးနိုင်ရေးအတွက် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ရှိ ဆည်ကြီးချောင်း သဘာဝရေပြင်သို့ ငါးမျိုးများစိုက်ထည့်ခြင်းကို စက်တင်ဘာ ၁၆ ရက်က ဆည်ကြီးချောင်း၌ ကျင်းပခဲ့သည်။



အဆိုပါငါးမျိုးစိုက်ထည့်ပွဲသို့ ခိုင်ကမ်းမြို့ယာယီအုပ်ချုပ်ရေးမှူး ဦးထန်ဂင့်ဆုမ်း၊ ခိုင်ကမ်းနယ်မြေစခန်းမှ ဒုတိယရဲအုပ် ဦးကိုကိုလင်း၊ မီးသတ်ဦးစီးဌာနမှ ဦးသွင်လမ်းခိုင်၊ စည်ပင်သာယာရေးမှ ဒေါ်ဒိမ့်ဆန်းလွင့်၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းအောင်လင်း၊ မြို့နယ်လျှပ်စစ်ဌာနမှ မြို့နယ်အင်ဂျင်နီယာဖြစ်သူ ဦးဒိုလျန်းခိုင်၊ လူမှုဝန်ထမ်းဌာနမှ ဒုတိယဦးစီးမှူး ဦးငိုင်းအွမ်တို့ တက်ရောက်ပြီး ခိုင်ကမ်းငါးလုပ်ငန်းစခန်းမှ ဝန်ထမ်းများ၊ အနီးဝန်းကျင် ပြည်သူများနှင့်အတူ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ ၂၅၀၀၀၀ နှင့် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀ စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၄၅၀၀၀၀ အား ဆည်ကြီးချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးပိုင်၏ ဦးဆောင်မှုဖြင့် သထုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စန်းယုနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် သထုံမြို့နယ် ရွှေစာရံစေတီတော်မြတ်ကြီး သန့်ရှင်းရေးနှင့် ရင်ပြင်တော်ပေါ်ရှိ စေတီများ ဝတ်များသန့်ရှင်းခြင်း၊ အရံစေတီတော်များ သန့်ရှင်းခြင်း၊ ရေညှိများ အမှိုက်သရိုက်များနှင့် ချုံနွယ်သစ်ပင်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)




ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများစုပေါင်း၍ စက်တင်ဘာ ၁၇ ရက်က အတုလမာရဇိန် ကြေးသွန်းဘုရားကြီးဝင်းအတွင်း ချုံနွယ်များ၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် စွန့်ပစ်အမှိုက်များ ကောက်ယူခြင်းများကို ဆောင်ရွက်ကြစဉ်။
မြို့နယ်(ပြန်/ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှည်းကူးခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီး ငွေအောင်ဦးစီး၍ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၈ ရက်က လှည်းကူးမြို့ မြို့မရပ်ကွက်ရှိ ငါးထပ်ကြီးဘုရားကျောင်းဝင်းအတွင်း ရင်ပြင်တော်အား သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်းကို ဆောင်ရွက်ကြစဉ်။ ဉာဏ်ဟိန်း




(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက်က သထုံခရိုင်ပြည်သူ့ဆေးရုံကြီး၌ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးပိုင် ဦးဆောင်မှုဖြင့် သထုံမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ယာဉ်ထိန်းတပ်ဖွဲ့စု၊ မူးယစ်တပ်ဖွဲ့စု၊ သတင်းတပ်ဖွဲ့စု၊ ရထားတပ်ဖွဲ့စုတို့မှ အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြစဉ်။
ခရိုင်(ပြန်/ဆက်)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေး ဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## မွဲတဲ့သူ အလွန်ချမ်းသာစေမည့် ဂါထာတော်နှင့် ကိုယ်တွေ့အဓိဋ္ဌာန်ကျင့်စဉ်များ

စာရေးသူ ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း) ရေးသားသည့် မွဲတဲ့သူ အလွန်ချမ်းသာစေမည့် ဂါထာတော်နှင့် ကိုယ်တွေ့အဓိဋ္ဌာန် ကျင့်စဉ်များစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင်ပါရှိသည့် မွဲတဲ့သူ အလွန်ချမ်းသာစေမည့် ဂါထာတော် အာဒိဗုဒ္ဓ ဝစန သုတ္တံဂါထာတော်ကို စာရေးသူက ဂါထာတော် တစ်ပုဒ်ဆုံးတိုင်း ပုတီးတစ်လုံးချကာ ပုတီးတစ်ကုံး ၁ဝ၈ လုံးကို နံနက်၊ ည အဓိဋ္ဌာန်ပူဇော်၍ တစ်နှစ်ပြည့်သည်နှင့် စာရေးသူ၏ ဇနီးအား ဌာနဆိုင်ရာရုံးချုပ်မှ ခေါ်ယူတွေ့ဆုံ၍ မန်နေဂျာရာထူး တိုးမြှင့်ပေးခဲ့ပါသည်။ စာရေးသူကိုလည်း ကုမ္ပဏီမှ လစာအပြင် ထမင်းဖိုး တစ်လလျှင် ငွေကျပ် ၃ဝဝဝဝ တိုးမြှင့်ပေးပြီး စာရေးသူ၏ သမီးအတွက် ကျောင်းစရိတ်ကို သီးခြားထောက်ပံ့ပေးသည်။ စာရေးသူ၏မိသားစု အစစအရာအရာ အဆင်ပြေသည်မှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့် သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီးတို့၏ ဂုဏ်ကျေးဇူးတော်တို့ကို ရိုသေလေးစားခြင်းဖြင့် ဆရာတော်ကြီးညွှန်ကြားသည့် အာဒိဗုဒ္ဓ ဝစန သုတ္တံ ဂါထာတော်၏ အစွမ်းသတ္တိတို့ကြောင့် ဖြစ်သည်။

ထို့ပြင် မြတ်စွာဘုရားရှင်၏ အင်္ဂါကိုးတန်နှင့် ပြည့်စုံတော်မူသော တရားတော်၊ ရတနာသုံးသွယ် ဘေးရန်ကယ်သည့် အကာတော်ကြီး ဂါထာတော်၊ သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ကြီး၏ ဓမ္မစက္ကပဝတ္တနသုတ္တံ အဓိဋ္ဌာန်ပြုပူဇော်နည်း၊ အလုံးစုံသော လိုအင်ဆန္ဒတို့ကို ပြည့်စုံစေသည့် ပထမံထွက်ရပ်၊ ဝင်ရပ် ကျင့်စဉ်၊ ဘိုးတော်သိကြားမင်းချီးမြှင့်သည့် အောင်ပါစေဂါထာတော် စသည့်အကြောင်းအရာ ၂၆ ခုကို စာဖတ်သူများ လေ့လာနိုင်ရန်ရေးသားထားသည်။

စာအုပ်ကို ဣန္ဒြိတံစာပေ၊ ဖုန်း-ဝ၉ ၄၂ဝ၁၄၃၈၁ နှင့် ဝ၉ ၉၆၅၁၄၃၈၁၊ အမှတ် (2A-514)၊ မုဒိတာအိမ်ရာ (၂)၊ ဖန်ချက်စက်ရုံလမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၅ဝဝ ဖြင့် ဖြန့်ချိသည်။





## မုံရွာဦးသိန်းထိုက်၏ ဘဝခရီးနှင့် အောင်မြင်နည်း အတွေ့အကြုံများ

စာရေးသူ တက္ကသိုလ်စိန်တင်ရေးသားသည့် မုံရွာဦးသိန်းထိုက်၏ ဘဝခရီးနှင့် အောင်မြင်နည်းအတွေ့အကြုံများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဗယာကြော်ရောင်းသည့်ဘဝမှ ကျပ်သိန်းသန်းကုဋေချီ အလှူရှင်ဖြစ်လာသူ၊ မုံရွာခရိုင်၊ အညာသား၊ ထန်းသမားဆင်းရဲသားလူငယ်တစ်ဦး၏ ဘဝအစ၊ နတ်မောက် စက်မှုလက်မှုကျောင်းသားဘဝမှသည် ဝင်းဦးဗယာကြော် နာမည်ရခဲ့သည့် ကျွန်တော်၊ အသက်လောက်ပမာထား ချစ်ခဲ့ရတဲ့ချစ်သူ၊ မောင့်ကို သေစေညွှန်းရော့သလား တစ်ယောက်တည်းထားခဲ့ပြီနော် အချစ်ရယ်၊ လှပသော တောပန်းကလေးတစ်ပွင့်၏ အံ့မခန်းသတ္တိ၊ စိတ်ဓာတ်တံခွန်၊ ရှုပ်ကြယ်ဆွတ်မယ့် ယောကျ်ား၊ လာအိုနိုင်ငံသို့ ထွက်ခွာ၍ ကျွန်တော်၏ဘဝတာခရီး တောင်တက်လမ်းဆီ လှမ်းချီခဲ့ပြီ၊ ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ လူ့ပြည်မှာ အောင်ကြောင်း လှမ်းတက်ခဲ့ပြီလေ၊ လာအိုသရဲနှင့် တစ်ပွဲတစ်လမ်း အကဲစမ်းခဲ့စဉ်က၊ လာအိုနိုင်ငံ၌ အကြိမ်ကြိမ် သေဘေးကြုံခဲ့စဉ်က၊ ယောကျ်ား ဘသား၊ နင်လားဟဲ လောကဓံ အောင်မြင်မှုခရီးလမ်း ဖြောင့်တန်း၍ ပန်းပန်နေပြန်၊ ဩစထရီးယားနိုင်ငံမှ ကျေးဇူးရှင် မစ္စတာဇင်းမားကိုယ်တိုင် ကျန်းမာရေးစောင့်ရှောက်ခြင်း အတွေ့အကြုံ၊ လာအိုနိုင်ငံမှ အမှတ်တရ ဖြစ်ရပ်များနှင့် မြန်မာနိုင်ငံသို့ အပြန်ခရီး စသည့် မုံရွာဦးသန်းထိုက်၏ ဘဝခရီးတွင်တွေ့ကြုံခဲ့သည့်အခက်အခဲ အကျပ်အတည်းကို အရှုံးမပေးသည့်စိတ်ဓာတ်ဖြင့် လောကဓံတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကြိုးပမ်းလျှင် မိမိ၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များ မုချမလွဲမသွေ ပေါက်မြောက်အောင်မြင် ကြီးပွားတိုးတက်လိမ့်မည်ကို နားလည်လက်ခံ၍ အောင်မြင်သောဘဝရောက်ရန် ကြိုးစားကြစေလိုကြောင်း ဖော်ညွှန်းရေးသားထားသည်။

စာအုပ်ကို မိုးကျော်စာပေ၊ ဖုန်း-ဝ၉ ၇၃ဝ၂၉၅၉၁ နှင့် ဝ၉ ၇၃၂၄၅၂၅၇၊ အမှတ် (၃၇၇)၊ လမ်း-၃ဝ (အပေါ်ဘလောက်ထိပ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၉ဝဝဝ ဖြင့် ဖြန့်ချိသည်။




## ပီမိုးနင်း၏ ဘဝနှင့် စာပေ

ပီမိုးနင်း အထိမ်းအမှတ်ဖြစ်မြောက်ရေး ဇဟိုကော်မတီက ထုတ်ဝေသည့် ပီမိုးနင်း၏ ဘဝနှင့်စာပေစာအုပ် ထွက်ရှိလာသည်။

ဆရာကြီးပီမိုးနင်းသည် မြန်မာစာပေသမိုင်းတွင် မြန်မာစာပေ တိုးတက်ကြီးပွားရေးအတွက် တပ်ဦးကခေါင်းဆောင်မှုပေးခဲ့သော စာပေသူရဲကောင်းကြီးဖြစ်သလို၊ မြန်မာ့ရုပ်ရှင်သမိုင်းတွင်လည်း မြန်မာ့ရုပ်ရှင် တိုးတက်အောင်မြင်ရေးအတွက် ခေါင်းဆောင်မှုပေးခဲ့သော ပုဂ္ဂိုလ်ကြီးလည်းဖြစ်သည်။ မြန်မာ့ရုပ်ရှင်သမိုင်းတွင် ပထမဆုံး ရုပ်ရှင်ဇာတ်ကား မေတ္တာနှင့်သူရာကို ပိုက်ဆံအိတ်ကြီးအမည်ဖြင့် ဇာတ်ညွှန်းရေးခဲ့သည့် ပထမဆုံးဇာတ်ညွှန်းရေးဆရာကြီးလည်း ဖြစ်သည်။

စာရေးဆရာကြီး၊ သတင်းစာဆရာကြီး၊ ဘာသာပြန်ဆရာကြီး၊ တေးကဗျာဆရာကြီး၊ ကျမ်းပြုဆရာကြီး၊ သရုပ်ဆောင် ဒါရိုက်တာကြီးနှင့် နိုင်ငံရေးအမြင်ရှိသော သဘောတရားရေးဆရာကြီးအဖြစ် ထင်ရှားခဲ့သူလည်း ဖြစ်သည်။

ပီမိုးနင်းသည် ခေတ်ပေါ်မြန်မာဝတ္ထုခေတ်ကို စခဲ့သူမျှမက နောက်လူတို့အပေါ်တွင် ဩဇာကြီးသည့် စာရေးဆရာလည်း ဖြစ်သည်။ မြန်မာစကားပြေအရေးအသား၌ ရှေ့ဆောင်သူဖြစ်သည်။ လမ်းသစ်ကို ထွင်သူဖြစ်သည်၊ အဟောင်းမှ လမ်းခွဲထွက်သူဖြစ်သည်။ ဝံသာနုလှုပ်ရှားမှုခေတ်တွင် ပေါ်ထွန်းခဲ့ပြီး ဝံသာနုလှုပ်ရှားမှုကို အလုပ်အကျွေးပြုခဲ့သော ဝံသာနုစာရေးဆရာကြီးဖြစ်သည်။ စစ်မဖြစ်မီ စာပေလောကတွင် ဦးဦးဖျားဖျား လူတန်းစားတိုက်ပွဲအမြင်ရှိသော ပုဂ္ဂိုလ်ကြီးလည်းဖြစ်သည်။ အဆိုပါစာအုပ်တွင် ပီမိုးနင်းနှင့် ပတ်သက်သည့်အကြောင်းအရာ ၅၉ ခုကို စာဖတ်သူများ လေ့လာနိုင်ရန် ရေးသားထားသဖြင့် ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို မိုးကျော်စာပေ၊ ဖုန်း-ဝ၉၇၃ဝ၂၉၅၉၁ နှင့် ဝ၉ ၇၃၂၄၅၂၅၇၊ အမှတ် (၃၇၇)၊ လမ်း-၃ဝ (အပေါ်ဘလောက်ထိပ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၇ဝဝဝ ဖြင့် ဖြန့်ချိသည်။




## ကြယ်

လောကကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အလှဆင်ပေးနေသော ပုဂ္ဂိုလ်တစ်ပါး၏ ဘဝဖြစ်စဉ်ကို စာပေ၊ ရသအဖွဲ့အနွဲ့များဖြင့် စိတ်ဝင်စားဖွယ်ရေးသားထားသည့် သက်နိုင်(ပြင်ဦးလွင်) ရေးသားသည့် ကြယ် စာအုပ်ထွက်ရှိလာသည်။

ညအခါ၌ ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်လျှင် မှိတ်တုတ်မှိတ်တုတ်နှင့် လင်းလက်နေသော ကြယ်များကို မရေတွက်နိုင်အောင် မြင်တွေ့ရမည်ဖြစ်သည်။ အဆိုပါကြယ်တို့သည် တစ်နေရာတည်း၌ တည်၍ အေးမြသောအလင်းရောင်ကို ပေးစွမ်းနေကြသည်ဟူ၍လည်း ထင်မှတ်နေကြသည်။ အမှန်တွင် ကြယ်တို့သည် နေအမျိုးအစားပင်ဖြစ်၍ အေးမြသော အလင်းနှင့်အတူ အနွေးဓာတ်ကိုလည်း ထုတ်လွှတ်ပေးနိုင်စွမ်းရှိကြသည်။ ကြယ်တို့သည် ကမ္ဘာပေါ်ရှိ သက်ရှိ၊ သက်မဲ့၊ ဒြပ်ရှိ၊ ဒြပ်မဲ့ အရာဝတ္ထုအားလုံးတို့ကို ကျေးဇူးအထူးပြုနေကြသော ဓာတ်ငွေ့လုံးကြီးများဖြစ်သည်။ ထို့ကြောင့် ကြယ်တို့သည် သာမန်ဂြိုဟ်၊ ဓာတ်ငွေ့လုံးများနှင့် မတူကြဘဲ ထူးဆန်းဖွယ်၊ အံ့ဩဖွယ်၊ စိတ်ဝင်စားဖွယ်တို့နှင့် ပြည့်နှက်နေကြရတော့သည်။

ဤသို့ဆိုလျှင် ပြင်ဦးလွင်မြို့ ပရဟိတမျက်မမြင်ဘက်စုံပညာကျောင်းမှ ဆရာတော် ဦးဧ_ယျအား ကြယ်ကြီးတစ်လုံးနှင့်ဥပမာပြု ခိုင်းနှိုင်းထိုက်နေပေသည်။ ဆရာတော်သည် မျက်မမြင်တစ်ဦးဖြစ်နေသော်လည်း ပြောဆိုပြုမူ လုပ်ကိုင်ဆောင်ရွက်နေမှုအားလုံးတို့မှာ ထူးဆန်းအံ့ဩဖွယ်၊ စိတ်ဝင်စားဖွယ်တို့သာမက ဂုဏ်ယူလေးစားဖွယ်၊ အားကျအတုယူဖွယ်၊ ချီးကျူးအမွှမ်းတင်ဖွယ်တို့နှင့် ပြည့်နှက်နေရသည်။ မျက်မမြင်ဆရာတော်တစ်ပါးဖြစ်သော်လည်း သာမန်လူတို့ လုပ်ကိုင်ဆောင်ရွက်ရန် ခဲယဉ်းလှသည့် လုပ်ငန်းဆောင်တာကိစ္စအဝဝတို့ကို အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို ပြည်ချစ်သားစာပေမှ တန်ဖိုးငွေကျပ် ၄၅ဝဝ ဖြင့် ဖြန့်ချိသည်။

## ၂၀၂၂ ခုနှစ် စက်တင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

၁၉၇၃ ခုနှစ်၊ ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄ဝ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာ စာစောင်ကို ၂ဝ၂ဝ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ်စာအုပ်စာစောင်များမှ ကောင်းနိုးရာခေတ်မီအကြောင်းအရာများနှင့်ယခုလအတွက် အထူးပြုရေးသားသည့် "အနာဂတ်ကမ္ဘာ လှပရေး ပညာရေးကဏ္ဍ မြှင့်တင်ပေး" မျက်နှာဖုံး ဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (စက်တင်ဘာလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

**စီစဉ်တင်ဆက်**

၂ဝ၂၂ ခုနှစ် စက်တင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို ၊ မောင်ဒီပ (ပညာရေး)၊ တာရာဝင့်ထွန်းတို့၏ "အနာဂတ် ကမ္ဘာ လှပရေး ပညာရေးကဏ္ဍ မြှင့်တင်ပေး" မျက်နှာဖုံး ဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ ညီညီဖေ၊ ဝင်းထွဋ်ဦး၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ - အင်္ဂလိပ်ဘာသာစကား)၊ ညီမော်သိမ်း၊ ထက်အောင် (စစ်ကိုင်း) တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ အေးထွန်းမင်း၊ စံမြတ်ဘုန်း (စစ်ကိုင်း) တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ မောင်ပေါ်ထွန်း၏ အတွေးအခေါ်နှင့်တက်ကျမ်းဆိုင်ရာ ဆောင်းပါး၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ K.M.A တို့၏ အမုန်းစကားနှင့် ဒီမိုကရေစီဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၊ ပါမောက္ခ ကိုကိုအောင်၊ လဲ့လဲ့ဝင်း(သတ္တဗေဒ) တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ မြတ်နိုးဦး (စာပေဗိမာန်)၊ ဒေါက်တာ မြင့်သန်း၊ ဆရာနောင်၊ တင်မာလွင်တို့၏ မူးယစ်နှင့်ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ စောနိုင် (အသုံးချ ဘောဂဗေဒ)၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိန်ဝင်းနွယ်၊ ဆောင်းဝင်းလတ်၊ စန်းနီလာဝင်း၊ သွန်းသုစံ၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

**ဆက်သွယ်မှာယူနိုင်**

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ကို တစ်အုပ်လျှင် ၂၅ဝဝ ကျပ်နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ဝ၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ဝ၂- ၄ဝ၃ဝ၁၈၆) ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-ဝ၁-၈၂၄၉ဝ၃၁၊ ဝ၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

■

ပုံပြင်

# ချုံထဲက သူဌေးကြီး

မင်းယုဝေ

(ယခင်အပတ်မှအဆက်)

သူဌေးကြီးက.. "အဆွေ၊ တယောထိုးရပ်ပါ"

ဟု လှမ်း၍ အော်ဟစ်ပြောဆို၏။ သူရင်းငှားက..

"ဆင်းရဲသားများအား သင်နှိပ်စက်ညှဉ်းပန်းသည်နှင့်စာသော် ကျွန်ုပ်၏ အပြုအမူမှာမကြီးလေးပါ" ဟု ဆိုကာ တယောကို ဆက်လက်ထိုးမြဲထိုး၏။

သူဌေးကြီးက တယောထိုးရပ်ပါက ငွေပေးမည်ဖြစ်ကြောင်း ပြောဆို၏။ သို့ရာတွင် သူရင်းငှားကလက်မခံပေ။ တယောကိုထိုးမြဲထိုး၏။ နောက်ဆုံးတွင် သူဌေးကြီးက သူ့အိတ်ထဲ၌ ငွေတစ်ရာပါလာကြောင်း၊ ထိုငွေအားလုံးကို သူရင်းငှားအားပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပေးလေ၏။

သို့ဖြင့် သူရင်းငှားသည် တယောထိုးရပ်လိုက်ကာ သူဌေးကြီး အိတ်ထဲမှ ငွေတစ်ရာကိုယူ၍ ထွက်ခွာသွားလေသည်။

သူဌေးကြီးက သူရင်းငှားအပေါ် အခဲမကျေနိုင်၊ တစ်နည်းနည်းဖြင့် လက်စားချေမည်ဟူ၍ ဆုံးဖြတ်လိုက်လေသည်။

သို့ဖြင့် သူသည် တရားသူကြီးထံ သွားရောက်၍ လူဆိုးတစ်ယောက်သည် သူ့ကိုရိုက်နှက်ပြီးလျှင် ငွေများလုယူသွားသည်ဟု လိမ်လည်တိုင်ကြားလေသည်။ သူက...

"လူဆိုးကိုရှာဖွေရန် မခက်ပါ၊ လူဆိုးသည် လေးနှင့် တယောကို ကိုင်ဆောင်ထားသူ ဖြစ်ပါသည်"

ဟု ပြောပြလေ၏။

တရားသူကြီးလည်း သူ၏တပည့်များအားစေလွှတ်ကာ သူရင်းငှားကို ရှာဖွေဖမ်းဆီးစေ၏။ မကြာမီ သူရင်းငှားကို ဖမ်းမိလာလေသည်။

သူဌေးကြီးက သူရင်းငှားကို လက်ညှိုးထိုးလျက်...

"ဤလူဆိုးသည် ကျွန်ုပ်ကို ရိုက်နှက်၍ ငွေများ လုယူသွားသူ အစစ်အမှန်ဖြစ်ပေသည်"

ဟု ဆို၏။ သူရင်းငှားက တရားသူကြီးအား...

"ကျွန်ုပ်သည် သူဌေးကြီးကိုရိုက်လည်းမရိုက်ပါ။ သူ့ငွေကိုလည်း မလုယူပါ။ သူကတယောထိုးရပ်လျှင် ငွေတစ်ရာပေးမည်ဟုကတိပေး၍ တယောထိုး ရပ်လိုက်သဖြင့် သူ့ထံမှ ငွေတစ်ရာရရှိခဲ့ပါသည်"

ဟု မှန်ရာကို ပြောပြ အစစ်ခံလေသည်။ သို့ရာတွင်တရားသူကြီးမှာ လျင်မြန်စွာအမှုပြီးပြတ်စေလိုသဖြင့်သူရင်းငှား၏စကားကိုမနာယူ၊ သူဌေးကြီးကိုသာ အနိုင်ပေးလိုက်သည်။ သူရင်းငှားကို ကြိုးစင်တင်၍ သတ်ရန်စီရင်ချက် ချမှတ်လိုက်လေသည်။

အာဏာသားများလည်း သူရင်းငှားကို ကြိုးစင်ရှိရာသို့ခေါ်ဆောင်သွားလေသည်။ ဤတွင် သူရင်းငှားက တရားသူကြီးအား...

"တရားသူကြီးမင်း၊ ကျွန်ုပ်ကို မသတ်မီနောက်ဆုံးအနေဖြင့် စိတ်သက်သာရာရစေရန် တစ်စုံတစ်ရာ ဆောင်ရွက်ခွင့်ပြုပါ" ဟု ပန်ကြားလေသည်။

တရားသူကြီးက ခွင့်ပြုသော် သူရင်းငှားသည် တယောကို ထုတ်လျက်ထိုးမည်ပြုလေသည်။ ထိုအခါ သူဌေးကြီးက...

"အားလုံးဒုက္ခရောက်ကုန်ကြတော့မည်၊ လူဆိုးကိုတယောထိုးခွင့်မပြုပါနှင့်"

ဟု ထိတ်လန့်တကြား ပြောဆိုတားမြစ်လေသည်။ တရားသူကြီးက...

"အို... သေမည့်သူအား နောက်ဆုံးငဲ့ညှာသည့်အနေဖြင့် ခွင့်ပြုခြင်း ဖြစ်သည်"

ဟုဆိုကာ သူဌေးကြီး၏ကန့်ကွက်ချက်ကို ငြင်းပယ်လိုက်လေသည်။ စင်စစ်သော်ကား တရားသူကြီးသည် သူရင်းငှား၏တောင်းဆိုချက်ကို ခွင့်မပြုဘဲမနေနိုင်။ လိုက်လျောခွင့်ပြုရသည်။ ဤသို့လိုက်လျောခွင့်ပြုရသည်မှာလည်း လူပုကလေးပေးသော တတိယဆုအရဖြစ်လေသည်။

ထိုခဏ၌ပင် သူရင်းငှားသည် တယောကိုစတင်ထိုးလေပြီ။ တယောသံစတင်ထွက်ပေါ်လာသောအခါ သူဌေးကြီးသာမက တရားသူကြီးနှင့်တကွ စာရေးများ၊ အာဏာသားများပါလှုပ်ရှားလာကြသည်။ ထို့နောက် သူတို့သည် ကခုန်ကြလေသည်။ သူတို့သာမက ဘေးမှကြည့်နေသူများလည်း ဝင်ရောက်ကခုန်ကြလေသည်။ အစတွင် သူတို့ကိုကြည့်ရသည်မှာ ပျော်ရွှင်နေသယောင် ထင်ရသည်။ သို့ရာတွင် အချိန်ကြာသည့်တိုင် တယောသံ မရပ်သောအခါ သူတို့သည် ကခုန်ရသည်မှာ မောပန်းလာသည်။ မလှုပ်နိုင်၊ မရှားနိုင် ဖြစ်လာသည်။ ထို့ကြောင့် တယောထိုးရပ်ပါရန် အော်ဟစ်တောင်းပန်ကြသည်။ မည်သို့ပင်ဖြစ်စေ သူရင်းငှားကား ဂရုမပြု၊ တယောကို ဆက်လက်ထိုးမြဲထိုးနေသည်။

နောက်ဆုံးတွင် တရားသူကြီးက သူရင်းငှားအား ကြိုးမိန့်မှ လွှတ်ပါမည်၊ တယောထိုးရပ်ပါဟု ကတိပေးတောင်းပန်လေသည်။

သူရင်းငှားသည် သူဌေးကြီးထံ ချဉ်းကပ်လျက်...


"အို...သူယုတ်မာကြီး၊ သည်ငွေများကိုသင်မည်ကဲ့သို့ရလာကြောင်း တရားသူကြီး ရှေ့မှောက်၌ မှန်ကန်စွာ ဖွင့်ပြောပြပါ။ သို့မဟုတ်က ကျွန်ုပ် တယောထိုး ရပ်မည် မဟုတ်ပါ" ဟု ခြိမ်းခြောက်ပြောဆို၏။

စင်စစ်သော်ကား သူဌေးကြီးသည် ဆင်းရဲသားများကိုညှဉ်းပန်းနှိပ်စက်၍ ထိုငွေများကို ယူလာခဲ့ခြင်းဖြစ်သည်။ သူသည် သူ၏ပြစ်မှုကို ဖုံးဖိထားရန် မစွမ်းတော့သဖြင့် အမှန်ကိုဖွင့်ပြောလိုက်ရလေသည်။ သို့ဖြင့် သူရင်းငှားသည် တယောထိုးရပ်လိုက်လေသည်။ တရားသူကြီးလည်း အဖြစ်မှန်ကိုသိရှိရသဖြင့် သူရင်းငှားအစား သူဌေးကြီးအား ကြိုးစင်သို့ ပို့လိုက်လေသတည်း။ ။

သူဌေးကြီး၏ကန့်ကွက်ချက်ကို ငြင်းပယ်လိုက်လေသည်။ စင်စစ်သော်ကား တရားသူကြီးသည် သူရင်းငှား၏တောင်းဆိုချက်ကို ခွင့်မပြုဘဲမနေနိုင်။ လိုက်လျောခွင့်ပြုရသည်။ ဤသို့လိုက်လျောခွင့်ပြုရသည်မှာလည်း လူပုကလေးပေးသော တတိယဆုအရ ဖြစ်လေသည်။

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



## ကဗျာ

# အလှရှိရာ

❖ အလှရှိရာ၊ သွားချင်ပါဟု
ခါခါမြည်တမ်း၊ သို့ရော်ရမ်း၍
စိတ်ဝမ်းမသာရှိသည်တကား။

❖ သူ့ရွာသူ့ပြည်၊ သာလှသည်တည့်
စည်ပင်ချမ်းမြ၊ ဝပြောစွဟု
ကြားရတိုင်းသာ၊ လှမြေချာသို့
သွားပါလိုမိ၊ နေမထိခဲ့။

❖ ဤယနေ့သော်
ချမ်းမြေ့ကြည်လင်၊ စိတ်ဝယ်ရွှင်တည့်
မြေပြင်ကျယ်ဝင်း၊ လယ်ယာခင်းနှင့်
အင်းအိုင်မြစ်ချောင်း၊ ရှုမညောင်းတည့်
တောင်စောင်းတောင်ထိပ်၊ စေတီရိပ်ဝယ်
ဆွေမိတ်တူစုံ၊ ဖူးရတုံသော်
အာရုံသန့်စင်၊ ကြည်ဘဝင်နှင့်
မိခင်မြေမြ၊ သာလေစွဟု
နှုတ်ကဖန်ဖန်၊ ဆိုမိသံသည်
မိုးယံပဲ့တင် ထပ်လိမ့်တည်း။

❖ သူ့ရွာသူ့ပြည်၊ သာမောသည်ဟု
နှုတ်ရည်စကား၊ ဘယ်သို့ကြားလည်း
ငါကား မတုန်လှုပ်ပြီတကား။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



(ဆက်လက်ဖော်ပြပါမည်)

## လူမှု ၁၀

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ(ဦးသန့်)

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ တတိယမြောက် အတွင်းရေးမှူးချုပ် ဦးသန့်သည် ၁၉၇၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် အမေရိကန် နယူးယောက်မြို့ရှိ ဆေးရုံတစ်ရုံ၌ ကွယ်လွန်ခဲ့သည်။ ဦးသန့်သည် ကွယ်လွန်ချိန်တွင် အသက် (၆၅)နှစ်ရှိပြီး ၎င်း၏ပါးမှ ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဦးသန့်သည် ၁၉၃၁ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ဝိုင်အမ်ဘီအေကျောင်းတွင် ကျောင်းအုပ်ဆရာကြီး အဖြစ် လုပ်ကိုင်ခဲ့သည်။ ဝါသနာအလျောက် ရန်ကုန်မြို့ရှိ စာနယ်ဇင်းတိုက်များဖြစ်သည့် ဂန္ထလောကမဂ္ဂဇင်း၊ ဘားမားဂျာနယ်၊ သူရိယ၊ မြန်မာ့အလင်း၊ အမျိုးသားပညာရေးမဂ္ဂဇင်းများတွင် တိုင်းပြည်အကျိုးပြု စာပေဆောင်းပါးများ ရေးသားခဲ့ပြီး ဦးသန့်၏ကလောင်အမည်မှာ "သီလဝ" ဖြစ်ပါသည်။

ဦးနု၏ ယာယီဖဆပလအစိုးရလက်ထက်တွင် ပြန်ကြားရေးဌာန၌ ပြန်ကြားရေးဝန်ကြီးအဖြစ် လည်းကောင်း၊ အမျိုးသားစီမံကိန်းဌာနတွင် အတွင်းဝန်အဖြစ်လည်းကောင်း၊ ရုပ်ရှင်မြှင့်တင်ရေး အကဲဖြတ်ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

၁၉၆၁ ခုနှစ် နိုဝင်ဘာလတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှီး ကွယ်လွန်သော အခါ ကမ္ဘာ့နိုင်ငံပေါင်းစုံ ကိုယ်စားလှယ်များက ဦးသန့်အား အများသဘောတူ ယာယီအတွင်းဝန်ချုပ် ခန့်အပ်ခြင်းခံရသည်။ ၁၉၆၂ ခုနှစ်မှ ၁၉၆၆ ခုနှစ် နိုဝင်ဘာလအထိ အမြဲတမ်းယာယီအတွင်းဝန်ချုပ် အဖြစ် တာဝန်ပေးအပ်ခြင်းခံရပါသည်။ ၁၉၆၆ ခုနှစ်တွင် အတွင်းဝန်ချုပ်ရာထူး သက်တမ်းကုန်ဆုံးသော်လည်း ဒုတိယငါးနှစ်သက်တမ်းကို ၁၉၇၁ ခုနှစ်ကုန်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဦးသန့်သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ကမ္ဘာ့ငြိမ်းချမ်းရေး နှင့် လုံခြုံရေးကို ကြီးစွာအန္တရာယ်ပေးနိုင်သော အရေးအခင်းများ၊ အကျပ်အတည်းများနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရာတွင် ပြဿနာများကို ဖြေရှင်းနိုင်သည်များလည်းရှိပြီး မဖြေရှင်းနိုင်သည်များလည်း ရှိခဲ့ပါသည်။ ကွန်ဂိုအရေးအခင်း၊ ကျူးဘားဒုံးပျံအကျပ်အတည်း၊ ဒိုမီနီကန်ကို အမေရိကန် ဝင်သိမ်းခြင်း၊ ချက်ကိုစလိုဗားကီးယားကို ဆိုဗီယက်က ဝင်သိမ်းခြင်း၊ အရှေ့အလယ်ပိုင်းစစ်ပွဲ၊ အိန္ဒိယ-ပါကစ္စတန် စစ်ပွဲများတွင် ကိုယ်တိုင်ဝင်ရောက် ဖြေရှင်းခဲ့ပါသည်။

ဦးသန့်သည် ကမ္ဘာ့ကုလသမဂ္ဂ၏ အကျိုးစီးပွားနှင့် ရပ်တည်ချက်များကို ကြံ့ကြံ့ခိုင်ခိုင် ကာကွယ်ပေးခဲ့သူဖြစ်သည်။ ဦးသန့်သည် ၁၀ နှစ်ပတ်လုံး ကုလသမဂ္ဂအဖွဲ့ကို ဦးစီးဦးရွက်ပြုခဲ့သူ တစ်ဦးလည်းဖြစ်ပြီး အခြေခံမူဝါဒနှင့် ပတ်သက်လာလျှင်လည်း သူ၏ထင်မြင်ချက်ကို မဆိုင်းမတွ တင်ပြတတ်သူ တစ်ဦးလည်း ဖြစ်သည်။

ဦးသန့်သည် အာရှတိုက်၏ ထွန်းပြောင်သော သားကောင်းရတနာတစ်ဦးဖြစ်ပြီး စစ်မှန်သော ကမ္ဘာ့ဝန်ထမ်းကောင်းတစ်ဦးဖြစ်သည်။ ဦးသန့်သည် မည်သည့်အင်အားကြီးနိုင်ငံ၊ မည်သည့်အုပ်စုကိုမှ သစ္စာတော်ခံသူမဟုတ်ဘဲ ကမ္ဘာ့လူသားအားလုံး၏ သစ္စာတော်ခံပုဂ္ဂိုလ်ကြီးဖြစ်ကာ ကမ္ဘာ့ငြိမ်းချမ်းရေး၏ မဟာလူသားတစ်ဦး ဖြစ်သည်။

ဦးသန့်သည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် သူ့ဘဝတစ်ခုလုံးကို မြှုပ်နှံထားခဲ့ပြီး သူအမြတ်နိုးဆုံး အရာသည် ငြိမ်းချမ်းရေးဖြစ်ကာ နိုင်ငံအားလုံး ငြိမ်းချမ်းရေးတည်မြဲနိုင်စေရန်အတွက် မမောနိုင်မပန်းနိုင်ဘဲ အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့သူ တစ်ဦးဖြစ်၍ ဦးသန့်အား မြန်မာနိုင်ငံအစိုးရမှ ထိုက်တန်စွာ ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ခဲ့ကြသည်။

၁။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ဝဏ္ဏကျော်ထင်၊ မြန်မာနိုင်ငံအစိုးရ။
၂။ ၁၉၅၃ ခုနှစ် ဇန်နဝါရီလ သီရိပျံချီ၊ မြန်မာနိုင်ငံအစိုးရ။
၃။ ၁၉၅၇ ခုနှစ် ဇန်နဝါရီလ စည်သူ၊ မြန်မာနိုင်ငံအစိုးရ။
၄။ ၁၉၆၁ ခုနှစ် မဟာသရေစည်သူ၊ မြန်မာနိုင်ငံအစိုးရ။

ကမ္ဘာ့ရေးရာဖြစ်ရပ်များနှင့် ကမ္ဘာ့ခေါင်းဆောင်တို့အပေါ် ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်တတ်သော ဦးသန့်၏ အတွေးအခေါ်သဘောတရားများမှာ မှတ်သားဖွယ်၊ သင်ခန်းစာယူဖွယ်များ ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး တည်ရှိနေသမျှ ဦးသန့်အား ကမ္ဘာနှင့် မြန်မာလူထုက မေ့လျော့နိုင်မည် မဟုတ်ချေ။ ။

**"ဦးသန့်သည် အာရှတိုက်၏ ထွန်းပြောင်သော သားကောင်းရတနာတစ်ဦးဖြစ်ပြီး စစ်မှန်သော ကမ္ဘာ့ဝန်ထမ်းကောင်းတစ်ဦးဖြစ်သည်။ ဦးသန့်သည် မည်သည့်အင်အားကြီးနိုင်ငံ၊ မည်သည့်အုပ်စုကိုမှ သစ္စာတော်ခံသူမဟုတ်ဘဲ ကမ္ဘာ့လူသားအားလုံး၏ သစ္စာတော်ခံပုဂ္ဂိုလ်ကြီးဖြစ်ကာ ကမ္ဘာ့ငြိမ်းချမ်းရေး၏ မဟာလူသားတစ်ဦးဖြစ် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် သူ့ဘဝတခုလုံးကို မြှုပ်နှံထားခဲ့ပြီး သူအမြတ်နိုးဆုံး အရာသည် ငြိမ်းချမ်းရေးဖြစ်ကာ နိုင်ငံအားလုံးငြိမ်းချမ်းရေးတည်မြဲနိုင်စေရန်အတွက် မမောနိုင်မပန်းနိုင်ဘဲ အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့သူတစ်ဦးဖြစ်"**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၁၆-၉-၂၀၂၂ ရက်နေ့မှအဆက်**

တိတ်ဆိတ်သော ညဥ့်ဦးယံတွင် မှန်ရွှေပြတင်းမှ တစ်ကိုယ်တည်းရပ်ကာ မောင်တော်ကို မျှော်ရှာသော လှိုင်မင်းသမီးလေးကို အလိုလိုမြင်လာမိသည်။

'မ' သည် လှိုင်မင်းသမီးလေးကဲ့သို့ နူးညံ့သိမ်မွေ့သူ ဖြစ်ပေလိမ့်မည်။

'မ' ၏ ခေတ်ခံစိတ်မျိုးဖြင့် သည်လို ပတ်ဝန်းကျင်မျိုးတွင် ပျော်မွေ့နိုင်လိမ့်မည်ဟု မထင်ချေ။

'မ' က ကိုဘခက်ကို မေးလိုက်ခြင်းဖြစ်သော်လည်း ကိုဘခက်က 'မ' အကြောင်းကိုသာ စဉ်းစားနေမိသည်။

"ကျုပ် အခုစဉ်းစားနေတာ ယဉ်ကျေးတယ်ဆိုတာနဲ့ ရိုင်းစိုင်းတယ်ဆိုတာ ဘာလဲ။ ရှေးကျတယ်ဆိုတာနဲ့ ခေတ်ဆန်တယ်ဆိုတာ ဘာလဲ။ ဒါတွေဟာ ခဏပန်း လူတွေအသိမှာ ပေါ်လာတတ်တဲ့ အရာလေးတွေပဲ။ သိပ်တော့ မခိုင်မြဲဘူး ထင်တယ်"

'မ' သည် ကိုဘခက်ကို လှမ်း၍ကြည့်လိုက်သည်။

ကိုဘခက် ဆိုလိုသောအဓိပ္ပာယ်ကိုလည်း နားလည်ဟန်မတူချေ။

"ဘာကိုပြောတာလဲ ဆရာ"

ခေတ်အနေနဲ့ပြောရင် 'မ' တို့ဆီမှာ လာနေကြတဲ့လူတွေဟာ လူယဉ်ကျေးတွေလို့ သူတို့ကိုယ်သူတို့ ထင်ကြတယ်။ ဒါပေမဲ့ တကယ်လိုက်ကြည့်ရင် ဒီလူတွေမှာ ရိုင်းစိုင်းစိတ်တွေ အများကြီးရှိတယ်။ ဥပမာ ကုလားတစ်ယောက်ကို ထမင်းဝိုင်းမှာ ဝက်သားအတင်းစားခိုင်းရင် ဘယ်လိုသဘောထားရမလဲ။ မစားတဲ့လူက ရိုင်းသလား၊ ကျွေးတဲ့သူက ရိုင်းသလား။ သူတို့ရဲ့ ယဉ်ကျေးမှုအရဆိုရင် တစ်စုံတစ်ယောက်က ဒါလေးလုပ်ရအောင်ပါခင်ဗျာလို့ပြောရင် လက်ခံမှ ယဉ်ကျေးမယ်။ ဒါကို လက်မခံရင် လက်မခံတဲ့လူက ရိုင်းတာပဲ။ အမှန်တော့ ဒါဟာ ယဉ်ကျေးမှုမဟုတ်ပါဘူး။ အဓမ္မပြုတဲ့အမှုပဲ။ တစ်ယောက်က အနိုင်ကျင့်ရင် တစ်ယောက်က မကျေနပ်ဘဲ ဟန်ဆောင်ပြီး လိုက်လျောတာကို ယဉ်ကျေးတယ်လို့ခေါ်ကြတာပဲ"

ကိုဘခက်သည် ကောင်းကင်မှ ကြယ်ကလေးများကို မော့၍ကြည့်လိုက်ရင်း သူ့ထင်မြင်ချက်ကို သူ တစ်လုံးချင်းပြောလိုက်လေသည်။

'မ' ကမူ ကိုဘခက်ပြောလိုက်သော စကားကိုသာ လေးလေးနက်နက် စဉ်းစားနေမိသည်။

"'မ' အနောက်တိုင်းယဉ်ကျေးမှုကို မနှစ်သက်ပါဘူး ဆရာ"

"ကျုပ်ကတော့ အနောက်တိုင်းရယ်၊ အရှေ့တိုင်းရယ် မဆိုလိုပါဘူး။ ကောင်းမယ်၊ အကျိုးရှိမယ်ဆိုရင် လက်ခံပါတယ်။ ဒါပေမဲ့ တုပတာကိုတော့ မကြိုက်ဘူး။ ပြီးတော့လည်း ကိုယ့်ပင်ကိုဘဝနဲ့ မကိုက်ညီတာကို ဇွတ်မှိတ်ပြီးလုပ်တာမျိုးကိုလည်း မကြိုက်ဘူး။ ဥပမာ သစ်ကျားငှက်နဲ့ မြေခွေးလိုပေါ့။ မြေခွေးက နှုတ်သီးရှည်တဲ့ သစ်ကျားငှက်ကို လင်ပန်းထဲမှာထည့်ပြီး အစာကျွေးတော့ သစ်ကျားငှက်ကလည်း မြေခွေးကိုဖိတ်ပြီး ဝါးကျည်တောက်လို ဇောက်နက်တဲ့ ခွက်နဲ့ ကျွေးသလိုပေါ့။ ဒီနေရာမှာ သစ်ကျားငှက်ရဲ့ တုံ့ပြန်လိုက်ပုံဟာ ဘယ်လောက်သဘာဝကျသလဲ။ ကိုယ့်သဘာဝနဲ့ မကိုက်ညီရင် လက်မခံရဘူး၊ မတုပရဘူးဆိုတဲ့သဘောကို ပြလိုက်တာပဲ။ ဒီလိုမှမဟုတ်ရင် လူတွေဟာ အရူးချည်းဖြစ်ကုန်မှာပဲ"

'မ' သည် ကိုဘခက်စကားကိုနားထောင်ရင်း အံ့ဩချီးကျူးရမလိုရှိတော့သည်။

ကိုဘခက်လို သာမန် ဂီတဆရာ တစ်ဦးက ခုလိုနက်နဲသောစကားကို ပြောလိုက်သောကြောင့်လည်း ပို၍အံ့ဩမိလေသည်။ အမှန်တော့ 'မ' လိုပညာတတ်တစ်ဦးက ကိုဘခက်လို ဂီတဆရာ တစ်ယောက်ကို ခုလို အတွေးအခေါ် ရှိလိမ့်မည်ဟု မမျှော်လင့်ခဲ့ချေ။

"ဆရာက အဘိဓမ္မာတွေ ဘာတွေ တော်တော်လိုက်စားတယ်ထင်တယ်"

ကိုဘခက်သည် ရုတ်တရက် ဘာမျှ ပြန်၍မပြောသေးဘဲ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိသည်။

"အဘိဓမ္မာတွေ ဘာတွေရယ်လို့တော့ သေသေချာချာမဖတ်ဖူးပါဘူး။ ဒါပေမဲ့ အဘိဓမ္မာဆိုတာ ဘဝကနေလည်း ခံယူလို့ရတာပါပဲ။ ကျုပ်ဘဝရဲ့ အဘိဓမ္မာဟာ ကျုပ်ရဲ့ဂီတပဲ။ နေပါဦး...ဂီတကို ခင်ဗျားဘယ်လိုထင်တာလဲ"

'မ' သည် ရုတ်တရက် ပြန်၍မဖြေနိုင်အောင် ငေးနေမိသည်။ ကိုဘခက် လိုချင်သောအဖြေကိုလည်း စဉ်းစား၍မရနိုင်အောင်ရှိတော့သည်။

"ဂီတဆိုတာ စိတ်ရဲ့ခံစားမှုကို အေးမြကြည်နူးစေတဲ့အရာပဲလို့ ထင်တာပဲ"

ကိုဘခက်သည် နေရာမှထ၍ 'မ' အနားသို့ လျှောက်လာသည်။ 'မ' က လွတ်ခနဲ စိတ်ထဲမှ ထင်ရာကို ဖြေလိုက်သော်လည်း ကိုဘခက်၏အမူအရာမှာ လေးနက်သောပြဿနာကို ဆွေးနွေးနေသကဲ့သို့ ရှိတော့သည်။

"အပေါ်ယံတွေးရင်တော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ဂီတဟာ ဒ့ါထက်လေးနက်တယ်။ ဘိုးဗားဆိုတဲ့ ပညာရှိတစ်ယောက် ရေးတာကို ဖတ်ဖူးတယ်။ ကျုပ်တို့မှာ သဘာဝလိုလားချက် ပစ္စည်းလေးပါးရှိတယ်။ ပထမ အစားအစာ၊ ဒုတိယ အဝတ်အစား၊ တတိယ နေစရာဖြစ်ပြီး စတုတ္ထ ဂီတဖြစ်တယ်လို့ပြောတယ်။ ဒါကို ကျုပ်လက်ခံတယ်။ ဂီတဆိုတာ လူ့သဘာဝစိတ်က လိုလားတောင့်တချက်တစ်ရပ်ပဲဆိုတာ ထင်ရှားတယ်။

"ဒီတော့ လောကမှာ လူတွေနဲ့ ကင်းကွာမရတဲ့အရာမှန်သမျှ၊ လူတွေရဲ့ အကျိုးကိုပြုတဲ့အရာမှန်သမျှ ဝါဒတရားပဲဖြစ်စေ၊ ဝိဇ္ဇာ သိပ္ပံပညာရပ်တွေပဲဖြစ်စေ မှန်ကန်တဲ့ အခြေခံအဘိဓမ္မာဆိုတာရှိရတယ်။ ဒါမှလည်း ခိုင်မာတယ်။ နက်နဲတယ်။ အမှန်တော့ အဘိဓမ္မာဆိုတာ အရာရာတိုင်းရဲ့အုတ်မြစ်ပဲ။ အုတ်မြစ်ခိုင်မှ အပေါ်မှ ကိုယ်တည်ဆောက်ချင်သလိုရမယ်။

"ဂီတဟာ ကျုပ်ရဲ့အဘိဓမ္မာပဲလို့ ပြောတာဟာ ဒီသဘောကြောင့်ပဲ။ ပြောင်မြောက်တဲ့ဂီတတိုင်းဟာ နှလုံးသားက တိုက်ရိုက်ရိုက်ခတ်လာတာပဲ။ လောကမှာ နှလုံးသားက ရိုက်ခတ်လာတဲ့အရာတွေဟာ တန်ဖိုးရှိတယ်။ နက်နဲတယ်၊ လွတ်လပ်တယ်၊ သန့်ရှင်းတယ်။ ကျုပ်ဘဝမှာ နက်နဲတာတွေ၊ တန်ဖိုးရှိတာတွေ၊ ဖြူစင်တာတွေ၊ လွတ်လပ်တာတွေပဲ လုပ်ချင်တယ်။ ဒါကြောင့် ဂီတသမားဖြစ်ချင်တာပဲ"

ကိုဘခက်သည် စကားကိုဖြတ်လိုက်ရင်း ဆေးပေါ့လိပ်ကို မီးညှိ၍ ဖွာလိုက်သည်။

'မ' သည် ကိုဘခက်အား လူထူးလူဆန်းတစ်ယောက်လို မော့၍ကြည့်နေမိသည်။

ကိုဘခက်ပြောသွားသော စကားများထဲမှ နားမလည်သောစကားလုံးများကို ပြန်၍တွေးနေမိသည်။

နှလုံးသားဆိုတာ ဘာကိုတင်စားပြီး ပြောတာလဲဆရာ၊ အချစ်ကိုပြောတာလား"

"ဟုတ်တယ်၊ ဒါပေမဲ့ မိန်းကလေးတစ်ယောက်ကို ချစ်တဲ့အချစ်ကိုပြောတာမဟုတ်ဘူး။ ခံစားချက်ကိုပြောတာ။ လူဟာ ခံစားချက်၊ ယုံကြည်ချက်မရှိဘဲ လှုပ်ရှားနေရင် သေနေတာနဲ့အတူတူပဲ။ ခဏအားဖြင့် နစ်မျောယစ်မူးနေမယ်ဆိုပေမယ့် အမှန်တော့ ဖုတ်သက်ဝင်နေတာပဲ။

"ပဉ္စသီခနတ်သားဟာ သူရိယဝစ္ဆနတ်မယ်ရဲ့အလှကိုခံစားပြီး စောင်းချင်းဂါထာ ဆယ့်ငါးပုဒ်ကို သီကုံးခဲ့တယ်။ ဒါကြောင့် သူ့ဂီတဟာ ပြောင်မြောက်ခဲ့တယ်။ ဒီလိုပဲ လက်ယာမင်းထင်ဟာ အဏ္ဏဝါမြစ်ပြင်ကြီးအလယ်က တံငါသည်ကိုကြည့်ပြီး ခံစားရတဲ့အတိုင်း ယမုံနာပတ်ပျိုးကို စပ်ဆိုခဲ့တယ်။

"မောင်ကျောက်ခဲဟာ နန်းတွင်းသူရဲ့အလှကိုခံစားပြီး သူ့ရဲ့ ကြေကွဲခံစားရချက်အတိုင်း တိမ်ပုံတွေပတ်ပျိုးကို စပ်တယ်။ ဒီလိုပဲ မမြလေးတို့၊ လှိုင်တို့ သူတို့မောင်တော် ပေါ်မလာလို့ ရှစ်စုံရွက်ကြာ၊ ညဥ့်သုံးယံ စတဲ့ပတ်ပျိုးတွေ၊ ဘောလယ်တွေ စပ်ခဲ့ကြတယ်။ ဒီဂီတတွေဟာ ဘာလို့ ပြောင်မြောက်ခဲ့သလဲ။ ခုတိုင် ဘာလို့ တည်နေကြသလဲ။ သူတို့ဟာ သူတို့ခံစားချက်အတိုင်း မကွယ်ဝှက်ဘဲ၊ မလိမ်မညာဘဲ အနုပညာမြောက်အောင် ဖွဲ့ဆိုခဲ့ကြလို့ပဲ။ လောကမှာ ကိုယ့်ကိုယ်ကိုယ် ဖြစ်စေ၊ သူများကို ဖြစ်စေ မလိမ်ရဘူးဆိုတာ ကျုပ်ဝါဒပဲ။ အဲဒီလို မလိမ်တဲ့လူတွေကို ကျုပ်ချစ်တယ်၊ လိမ်တဲ့လူတွေကို ကျုပ်မုန်းတယ်"

ကိုဘခက်သည် စကားမဆုံးခင်ပင် တန်းလျားပေါ်သို့ ပြန်၍ထိုင်ချလိုက်သည်။

ပြီးမှ ဆေးပေါ့လိပ်ကို အားရပါးရ ရှိုက်ဖွာ၍နေသည်။ အိမ်ဘက်ဆီမှ အသံများကား စဲစပြုလာပြီ။ ညသည် တိတ်ဆိတ်လျက်ရှိလေသည်။

'မ' သည် အိမ်ဘက်ဆီသို့ကြည့်လိုက်ရင်း နေရာမှ အသာထလိုက်သည်။

ပြီးမှ ကိုဘခက်ထိုင်နေသောတန်းလျားနားသို့ ရပ်လိုက်ရင်း ...

"ဆရာ့ကို 'မ'ကြောက်လာပြီ၊ ဆရာက နေရာတကာ သိပ်ပြီး နက်နက်နဲနဲ တွေးလွန်းတော့ စိတ်ပင်ပန်းတာပေါ့။ တစ်ခါတလေလည်း ကိုယ့်စိတ်ကို သက်သာအောင် ခပ်ပေါ့ပေါ့လေးနေမှပေါ့။ 'မ' တော့လေ လောကမှာ အေးအေးလူလူ နေပြီး စိတ်ချမ်းသာရမယ်ဆိုရင် တော်ပြီ၊ တခြား ဘာမှမတွေးချင်ဘူး"

ကိုဘခက်သည် 'မ' ပြောသောစကားများကို ဘာမျှပြန်၍မချေပတော့ချေ။

ဆေးလိပ်ကိုသာ တွင်တွင်ဖွာ၍နေသည်။ 'မ' သည် ကိုဘခက်အား တစ်ချက်မျှကြည့်လိုက်ရင်း နှုတ်ဆက်လိုက်သည်။

"'မ' အိမ်ထဲဝင်တော့မယ် ဆရာ၊ လူတွေလည်း ရှင်းသွားပြီ"

ပြောပြောဆိုဆို 'မ' အိမ်ဘက်ဆီသို့ ပြန်မည်အပြုတွင် ကိုဘခက်၏စကားကြောင့် ခြေလှမ်းများပင် တုံ့သွားလေသည်။

"ဒါပေမဲ့ 'မ' ကို ကျုပ် တစ်ခုပြောချင်တယ်"

ကိုဘခက်သည် စကားကို ဖြတ်ထားလိုက်သည်။ 'မ' က ကိုဘခက်ပြောမည့်စကားကို ရပ်၍ စောင့်နေမိသည်။

"'မ' တို့အိမ်ကို လာတဲ့လူတွေထဲမှာ များသောအားဖြင့် လူလိမ်တွေချည်းပဲ။ ဒီအိမ်က တစ်ခုခုလိုချင်လို့ သူတို့ ခုလိုလာပြီး ဟန်ဆောင်နေတာပဲ။ ဒါ ကျုပ်ထင်တာလေ။ တကယ်တော့ ဒီကိစ္စတွေဟာ ကျုပ်နဲ့ ဘာမှမဆိုင်ပါဘူး။ ဒါပေမဲ့ ကျုပ် ကြိုတင်သတိပေးတာကို 'မ' သဘောပေါက်ရင်တော့ 'မ' ဟာ အလိမ်ခံရမှာ မဟုတ်ပါဘူး။ ဒါပါပဲ။

'မ' သည် ကိုဘခက်ကို ဘာမှပြန်၍ မပြောတော့ချေ။ အိမ်ဆီသို့သာ တချိုးတည်း သုတ်ခဲ့လေသည်။

အမှန်တော့လည်း ကိုဘခက်၏စကားများသည် 'မ' စိတ်ကို မသိမသာ လွှမ်းမိုးသွားသည်ကို 'မ' ကိုယ်တိုင်ကလည်း သိချင်မှ သိပေလိမ့်မည်။

**ဆက်လက်ဖော်ပြပါမည်။**

**"ပဉ္စသီခနတ်သားဟာ သူရိယဝစ္ဆနတ်မယ်ရဲ့အလှကိုခံစားပြီး စောင်းချင်းဂါထာ ဆယ့်ငါးပုဒ်ကို သီကုံးခဲ့တယ်။ ဒါကြောင့် သူ့ဂီတဟာ ပြောင်မြောက်ခဲ့တယ်။ ဒီလိုပဲ လက်ယာမင်းထင်ဟာ အဏ္ဏဝါမြစ်ပြင်ကြီးအလယ်က တံငါသည်ကိုကြည့်ပြီး ခံစားရတဲ့အတိုင်း ယမုံနာပတ်ပျိုးကို စပ်ဆိုခဲ့တယ်။ "မောင်ကျောက်ခဲဟာ နန်းတွင်းသူရဲ့အလှကိုခံစားပြီး သူ့ရဲ့ ကြေကွဲခံစားရချက်အတိုင်း တိမ်ပုံတွေပတ်ပျိုးကိုစပ်တယ်။ ဒီလိုပဲ မမြလေးတို့၊ လှိုင်တို့ သူတို့မောင်တော်ပေါ်မလာလို့ ရှစ်စုံရွက်ကြာ၊ ညဥ့်သုံးယံ စတဲ့ပတ်ပျိုးတွေ၊ ဘောလယ်တွေ စပ်ခဲ့ကြတယ်။ ဒီဂီတတွေဟာ ဘာလို့ပြောင်မြောက်ခဲ့သလဲ။ ခုတိုင် ဘာလို့ တည်နေကြသလဲ။ သူတို့ဟာ သူတို့ခံစားချက်အတိုင်း မကွယ်ဝှက်ဘဲ၊ မလိမ်မညာဘဲ အနုပညာမြောက်အောင်..."**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# စပါးအသင်းက လက်စတာစီးတီးအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ တိုက်စစ်မှူး ဆွန်ဟောင်မင် ၁၃ မိနစ်အတွင်း ဟက်ထရစ်သွင်းယူနိုင်ခဲ့

စပါးအသင်းနဲ့ လက်စတာစီးတီးအသင်းတို့ စက်တင်ဘာ ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ စပါးအသင်းက လက်စတာစီးတီးအသင်းကို ခြောက်ဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး အဲဒီပွဲစဉ်မှာ တိုက်စစ်မှူး ဆွန်ဟောင်မင်က ဟက်ထရစ်သွင်းယူနိုင်ခဲ့ပါတယ်။

စပါးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ရှစ်မိနစ်မှာ ဟယ်ရီကိန်း၊ ၂၁ မိနစ်မှာ အဲရစ်ဒိုင်ယာ၊ ၄၇ မိနစ်မှာ ဘန်တန်ကာ၊ ၇၃ မိနစ်၊ ၈၄ မိနစ်နဲ့ ၈၆ မိနစ်တို့မှာ ဆွန်ဟောင်မင်က သုံးဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး လက်စတာစီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုတော့ ပွဲကစားချိန် ခြောက်မိနစ်မှာ တီယယ်လီမန်က ပင်နယ်တီကနေ တစ်ဂိုးနဲ့ ၄၁ မိနစ်မှာ မက်ဒီဆင်က တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

